


ဖိုးကျော့

# ကျွန်တော်တို့လူ

ဒုတိယအကြိမ်

mgyoe.com

# ဖိုးကျော့

## ကျွန်တော်တို့လူ



mgyoe.com

ISBN9789999710510
FIC111
9 789997 110510
2,200.00KS

mgyoe.com

ကျွန်တော်တို့လူ၊ ဗိုးကျော့
မျက်နှာဖုံးပန်းချီ - သန့်ဇော်သစ်
စာမျက်နှာ ၁၅၇ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၅ ရွှေအိမ်သူစာပေတိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကျွန်တော်တို့လူ
# ဖိုးကျော့

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ငါတို့သည် လက်ရှိပစ္စုပ္ပန်ကာလ၏ စာမျက်နှာများကို ပြောကြား ဖွင့်ဆိုနေကြသလို ငါတို့ ချီတက်လာခဲ့ကြသော ကန္တာရခရီးကြမ်းကြီး၏ ဝေးလံသိခေါင်သော မှုန်ရိုဝေဝါး အတိတ်သမိုင်းစာမျက်နှာများကိုလည်း ပြန်လည်သတိရမိကြရန် ဤစာမျက်နှာများကို ဖွင့်ဆိုခြင်းဖြစ်ပါသည်။

စာရေးသူ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဤနှစ် ရာသီဥတုဆိုးရွားသည်။ ချမ်းအေးမှုသည် ရိုးတွင်းခြင်ဆီထိ စိမ့်ဝင်လာသည်။ တစ်ကိုယ်လုံးရှိ အသွေးအသားများသည်ပင် အေးခဲသွားပလား ထင်ရသည်။ ထို့ကြောင့် ညီလေး ညီမလေးတို့ကို လူကြီးကိုယ်ပေါ်က ချ၍မရ။ အမိ အဖ အဘွားတို့ ကိုယ်ပေါ်က ချလိုက်သည်နှင့် အထိတ်တလန့် အော်ငိုကြသည်။ လူကြီးများ၏ ကိုယ်ငွေ့ကြောင့်သာ သူတို့နှစ်ဦး အသက်ရှင်လာကြသည်။

ငါတို့ ညီအစ်ကို သုံးယောက်သည်လည်း တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်၍ အိပ်ကြရသည်။ အစ်ကိုကြီး၊ အစ်ကိုလတ်နှင့် ငါတို့သုံးယောက်သည် အလယ်နေရာကိုလုရင်း မိုးလင်းခဲ့ရသော အအေးဒဏ်ကို ဖြတ်သန်းလာခဲ့ကြရသည်။

အမိ အဖ အဘွားနှင့် ညီလေး ညီမလေးတို့လည်း ငါတို့ကဲ့သို့ အအေးဒဏ်ကို အလူးအလဲ ခံစားခဲ့ကြရသည်။ ချမ်းလွန်း၍ မေးရိုက်သွားခတ်သံများကို အမှောင်ထဲတွင် တစ်ညလုံး ကြားနေရသည်။ ဟေမန္တ၏ အေးစိမ့်ချမ်းရှလာမှုသည် အားလုံးကို နှိပ်စက်ကလူ ပြုနေလေပြီ။

mgyoe.com

mgyoe.com


ဟောမန္တ၏ ရာသီဥတုဆိုးရွားမှုကြောင့် အပြင်ကို လုံးဝမထွက်နိုင်ကြ။ အစာရေစာ ထွက်မရှာဝံ့ကြ။ နှင်းမုန်တိုင်းကြီး၏ တဟည်းဟည်း အော်ဟစ် ခြိမ်းခြောက်နေသံကို တစ်နေ့လုံး တစ်ညလုံး ကြားနေ မြင်နေရသည်။ ဂူဝကို လေနှင့်ပါလာသော နှင်းခဲနှင်းဖတ်များသည် ဂူဝပိတ်သွားတော့မလား ထင်ရသည်။

ထိုကာလတွင် နောင်သောအခါ၌ နေလုံးနေဝန်းဟု သမုတ်ပြောဆိုကြမည့် အရာဝတ္ထုကို ငါတို့ တစ်ခါမျှ မမြင်ဖူးကြရသေး။ လဆိုသည်မှာကား ဝေလာဝေးပင်။ အေးခဲမာကျောနေသော ငါတို့ကမ္ဘာ ကန္တာရရေခဲပြင်ကြီးကို နှင်းမှုန်နှင်းဖတ် နှင်းခဲနှင်းလုံးများကသာ မင်းမူ ဖုံးလွှမ်းထားသည်။ နေ့ တစ်နေ့ဟု နောင်တွင် သမုတ်ပြောဆိုကြမည့် ကာလ၏ လေးပုံ သုံးပုံမှာ အေးခဲ စိမ့်ချမ်းနေသော အမှောင်ထုထဲ နစ်မြုပ်နေသည်။

ကမ္ဘာ့တန်ဆာကြီး၏ နိယာမဆို၍ ငါတို့ပတ်ဝန်းကျင်မှာ အလင်းနှင့် အမှောင်နှစ်ခုသာရှိသည်။ ရေမရှိ၊ မဟာပထဝီ မြေသားမရှိ။ နှင်းဖုံးကျောက်ဆောင် တောင်တန်းများနှင့် နှင်းဆောင်းတောင်တန်းမြင့်များသာ ရှိသည်။ သစ်ပင်ပန်းမန်ဆိုသည်ကိုလည်း ငါတို့ မကြားဖူး မမြင်ဖူးကြသေး။ ကျေးငှက်သာရကာ ဆိုသည်က ဝေလာဝေး။ ဤမျှကြမ်းတမ်းသော အေးခဲမှောင်မည်း ကမ္ဘာကြီးထဲတွင် သက်နှ ပိုးမွှားသတ္တဝါကလေးများ အသက်ရှင်သန်ရန် ဘယ်သို့မှ တွေးမရသော နေရာမျိုး။

ငါတို့မိသားစု ဝမ်းဗိုက်အားလုံး ပြားချပ်နေကြ၏။ ဆာလောင်မွတ်သိပ်မှုကြောင့် မျက်လုံးထဲက ဒေါသရောင်လျှံတွေ ဖြာထွက်လာကြသည်။ အမိနှင့် အဖကိုကြည့်၍ ငါကြောက်လာသည်။ နောက်ဆုံး အစားအစာဖြစ်သော သားကောင် ကုန်သွားခဲ့သည်မှာ သုံးလေးရက် ရှိသွားလေပြီ။ သားကောင်၏ အရေခွံနှင့် အရိုးနုများပင် မရှိတော့။

အရိုးရင့်မာများကို အာသာပြေ ကိုက်ဝါးနေကြရသဖြင့် သွားဖုံးပေါက်ကာ သွားများလည်း နာလာပြီ။ ငယ်ရွယ်နုနယ်သေးသော ညီလေး ညီမလေးတို့ကို ကြည့်နေကြသော အမိ အဖတို့အကြည့်သည် ကြမ်းကြုတ်လာ၏။ အမိ အဖတို့သည် ညီလေးနှင့် ညီမလေးတို့ကိုပင် ကိုက်ဖဲ့စားပစ်ကြတော့မလားဟု ငါ စိုးရိမ်လာသည်။ အမိ အဖတို့၏ ဒေါသမျက်လုံးများသည်

mgyoe.com

mgyoe.com


မယုံကြည်နိုင်လောက်သော သံသယများကို ဖော်ဆောင်နေကြလေပြီ။

ထို့ကြောင့် ငါသည် အမိ အဖတို့၏ လှုပ်ရှားမှုကိုသာ ထိတ်ထိတ်လန့်လန့်နှင့် အကဲခတ် စောင့်ကြည့်နေမိသည်။ အစ်ကိုကြီးနှင့် အစ်ကိုလေးတို့လို အမိ အဖတို့ လွှင့်ပစ်လိုက်သော အရိုးမာများကို ကောက်ယူ လုဝါးစုပ်လျက်ရန်ကိုပင် ငါသတိမေ့နေသည်။ ဝမ်းဗိုက်၏ ဆာလောင်မွတ်သိပ်မှုကိုပင် အကြောက်တရားက လွှမ်းမိုးထားသည်။ ငတ်မွတ်ခေါင်းပါးမှုထက် စိုးရိမ်ကြောက်ရွံ့မှုက တစ်ကိုယ်လုံး၌ ပျံ့နှံ့နေသည်။

အဖသည် ရုတ်ခနဲ ထခုန်လိုက်၏။ ငါလန့်သွားသည်။ ကြောက်ရွံ့၍ ပါးစပ်ကအာမေဍိတ်သံများပင် ထွက်သွားသည်။ အဖသည် သားကောင်တစ်ကောင်ကို ခုန်အုပ်ဖမ်းသလို ငါတို့တစ်ယောက်ယောက်ကိုများ ခုန်ဖမ်းလိုက်ပြီလား။ ထူထပ်ရှည်လျားသော အဖကိုယ်ပေါ်ရှိ အမွေးအမှင်များသည် ငါ့ကိုယ်ကို လေဟပ်သွားသည်။

ထိတ်ထိတ်လန့်လန့်နှင့် ငါအော်မိလိုက်သော အသံနှင့်မတူသည့် အော်သံ ဟစ်သံများကို အမိ အဖ အဘွားတို့ဆီက ကြားလိုက်ရသည်။ တစ်ဆက်တည်း ပြိုင်တူလိုလို အော်လိုက်ကြသံသည် ငါတို့နေနေကြသော ကျောက်လိုဏ်ဂူကြီးထဲ ဆောင်ဘင်ခတ်သွား၏။ အဖ ခုန်ထွက်သွားရာဆီသို့ ထိတ်လန့်၍ ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။ ဂူဝတွင် အလင်းရောက်နေပြီကို မြင်လိုက်ရသည်။ ပျော်လိုက်ကြသည် ဖြစ်ခြင်း။

ငါတို့မိသားစုအားလုံး ကျောက်ဂူဝဆီသို့ ပြေးထွက်လာကြသည်။ အလင်းလာပြီဖြစ်သော်လည်း ဂူဝအပြင်ဘက်တွင် ပို၍ အေးစိမ့်နေတုန်း။ နှင်းလုံး နှင်းသီးများ လေနှင့်အတူ လွင့်ပါလာနေကြတုန်း။ သို့သော် အလင်းကို မြင်လိုက်ရသဖြင့် အအေးပင် တဒင်္ဂခဏ သက်သာသွားသလိုပင်။ အလင်းကို မမြင်ရဘဲ ပိန်းပိတ်အောင် မှောင်နေခဲ့သည်မှာ သုံးလေးရက် ရှိသွားလေပြီ။ အပြင်ထက်မှောင်သော ဂူထဲ အမှောင်တွင် နေနေကြရသည်ကို ငါတို့ ငြီးငွေ့နေကြပြီ မဟုတ်ပါလား။

ယနေ့မှ ရောက်လာသော အလင်းအားကိုးနှင့် စား၍ရသော သားကောင်တစ်ကောင်ကို ငါတို့ ရှာဖွေဖမ်းဆီးစားသောက်ရန် ကျောက်ဂူပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမှောက် လိုက်ကြည့်ရှာဖွေနေကြရသည်။ ကျောက်ဂူနား

mgyoe.com

mgyoe.com

ဝန်းကျင်တွင် မည်သည့်သားကောင်၏ အရိပ်အရောင်ကိုမျှ မမြင်ရသဖြင့် သားကောင်ရနိုင်မည်ထင်သော တစ်နေရာသို့ ထွက်လာကြသည်။

ကန္တာရ၏အေးစိမ့်ပတ်ဝန်းကျင်တွင် သားကောင်ဖမ်းရသည်မှာ သူသေကိုယ်သေလည်း တစ်ခါတစ်ရံ စွန့်စားကြရသဖြင့် သားကောင်လိုက်ရာ၌ အထောက်အကူ မပေးနိုင်ကြသော အဘွားနှင့် ညီငယ် ညီမငယ်တို့ကို အဘွားနှင့် ဂူဝနား၌နေရန် အဖ,ကပြောသဖြင့် အဘွားနှင့် ညီငယ် ညီမငယ်တို့ ကျန်နေရစ်ကြသည်။ ငါတို့ကား သားကောင်ရှာရန် ရေခဲသတ္တာရဘာန်သို့ ထွက်လာကြသည်။

ချမ်းစိမ့်အေးခဲသော နှင်းမုန်တိုင်းကြီးကြောင့် ဂူထဲ အောင်းနေခဲ့ကြရသော ကပ်နှောင်းသတ္တဝါကြီးများသည်လည်း ငါတို့မိသားစုကဲ့သို့ အလင်းထဲတွင် အစာအာဟာရ ရှာဖွေရန် လျှောက်သွားနေကြသည်ကို နှင်းမှုန်ထဲ ပိုးတဝါး မြင်နေကြရသည်။ အတောင်ရှိသော ကပ်နှောင်းငှက်ရိုင်းကြီးများသည် ကောင်းကင်ပေါ် ပျံဝဲနေကြသည်။ တစ်ကောင်နှင့်တစ်ကောင် တစ်ဦးနှင့်တစ်ဦး ကောင်းကင်ပေါ် ပျံဝဲရင်း ငယ်သူကို ကြီးသူတို့က ထိုးဆိတ်ကိုက်သတ်နေကြသည်။

ခြေနှစ်ချောင်းရှိသူ၊ ခြေလေးချောင်းရှိသူတို့ကလည်း ရေခဲပြင်ထဲ လျှောက်သွား၍ အစာအာဟာရကို ရှာနေကြ၏။ ငယ်သူကို ကြီးသူတို့က လိုက်ကိုက်သတ်ဖြတ်၍ စားသောက်နေကြ၏။ ဤရေခဲပြင်ကန္တာရတွင် မျိုးတူဇာတ်တူဟု ခွဲခြားခြင်း အလျှင်းမရှိ။ ငယ်သူကို ကြီးသူက လိုက်ကိုက်စားသောက်ခြင်းမှာ ဤကန္တာရကြီး၏ ဥပဒေသဖြစ်သည်။

အမှန်က ငယ်သူကိုသာ ကြီးသူတို့က ကိုက်သတ်စားသောက်နေကြသည်မဟုတ်။ ရွယ်တူအချင်းချင်း၊ မျိုးတူအချင်းချင်းကလည်း မနိုင်သူကို နိုင်သူက သတ်ဖြတ်စားသောက်နေကြသည်သာ။ ထို့ကြောင့် ကောင်းကင်အာကာသ၌လည်းကောင်း၊ မြေပြင်၌လည်းကောင်း ယနေ့လို နှင်းမုန်တိုင်းကြီး စဲသွားပြီး အလင်းပိုးတဝါးရှိသောနေ့မှာ တစ်ကောင်နှင့်တစ်ကောင် တစ်ဦးနှင့်တစ်ဦး ကိုက်သတ်စားသောက်နေကြသည်ကို တစ်နေရာမဟုတ် တစ်နေရာ၊ ကောင်းကင်နှင့် ရေခဲပြင်တို့မှာ မြင်နေတွေ့နေကြရသည်။

သားကောင်ရှာရန် သားကောင်လိုက်ရန် ထွက်လာကြသော ငါတို့

mgyoe.com

mgyoe.com


မိသားစုသည်လည်း ရေခဲပြင်ပေါ်၌ မရပ်မနား လျှောက်နေကြရသည်။ ခြေလှမ်းမပျက် လျှောက်နေကြရသလို မျက်လုံးများကလည်း သားကောင်များကို ရှာဖွေစူးစမ်းလျက် ရှိနေကြသည်။

ရေခဲဦးပေါင်းဆောင်းထားသော ကျောက်ဆောင်တစ်ခုအလွန်တွင် ဝံပုလွေမိသားစု တစ်အုပ်နှင့် ရှေ့ဆုံမိကြသည်။ ဝံပုလွေမိသားစုမှာ ငါတို့မိသားစုထက် ကောင်ရေများ၏။ ငါတို့ အမိ အဖ နှစ်ဦးစလုံး ခြေလှမ်းတုံ့လိုက်ကြသည်။ ထိုအခါ ငါတို့ညီအစ်ကို သုံးယောက်သည်လည်း ချက်ချင်း ရပ်လိုက်ကြရသည်။

အင်အားများသော ဝံပုလွေမိသားစုသည် ငါတို့မိသားစုကို မြင်သည်နှင့် မာန်ဖီဟိန်းဟစ်ကာ တရမန်းကြမ်း ပြေးလိုက်လာကြသည်။ ဖြူဖွေးရှည်လျားသော သွားစွယ်များသည် နှင်းမှုန်ဝိုးတဝါးထဲ၌ပင် ဖွေးဖွေးလှစ် အရောင်ထွက်နေသည်။ ငါသည် ပြေးလိုက်လာကြသော ဝံပုလွေအုပ်ကို မျက်တောင်မခတ် စိုက်ကြည့်ကာ ကြောက်ရွံ့နေသည်။ အမှန်က ငါသာမဟုတ် ငါ့မိ ငါ့ဖနှင့် ငါ့အစ်ကိုတို့ကလည်း ဝံပုလွေကြီးတွေကို ကြောက်ကြသည်သာ။

ထို့ကြောင့်လည်း ငါတို့မိသားစုသည် များပြားသော ဝံပုလွေမိသားစုအုပ်ကို ရင်ဆိုင်တိုက်ခိုက်ရန် မဝံ့ကြ။ ပြေးလိုက်လာကြသော ဝံပုလွေအုပ်ကြီးသည် မုချ တိုက်ခိုက်သတ်ဖြတ်ရန် လိုက်လာနေကြသည်ကို သိလိုက်သည်နှင့် နောက်ပြန်လှည့် ထွက်ပြေးကြသည်။ အမိအဖတို့နှင့်အတူ ငါတို့ညီအစ်ကိုသုံးယောက်သည် အမိအဖတို့နှင့် ဖဝါးထက်ကြပ်မကွာ ပြေးလိုက်နေကြရသည်။ ဝံပုလွေကြီးတို့၏ ဟောဟဲ ... ဟောဟဲ ... အသက်ရှူမောဟိုက်သံသည် ငါ၏နားထဲတွင် အကျယ်လောင်ဆုံးဖြစ်သည်။ နားစည်ကွဲထွက်သွားမလားပင် ထင်ရသည်။

ငါတို့မိသားစုသည် နှင်းဦးပေါင်းဆောင်းထားသော ရေခဲဖုံးကျောက်တောင်ပေါ် အသက်လု၍ ပြေးတက်နေကြရသည်။ နှင်းမုန်တိုင်းကြီး တိုက်ခတ်သွားသည်မှာ မကြာသေးသဖြင့် သိပ်သည်းမှုနည်းနေသေးသော ရေခဲနှင်းမြုပ်ထဲ ခြေနင်းပြေးကြရသည်မှာ မသက်သာလှ။ ရေခဲပုံကျွံသဖြင့် ရှေ့ခြေ နောက်ခြေနှစ်ချောင်းကို အားစိုက်၍ ဆွဲနုတ်ပြေးကြရသည်။ ရေခဲတောင်ပေါ်၌ ယခင်က သွားလာလေ့သာ မရှိခဲ့လျှင် ဝံပုလွေတို့၏ အစာဖြစ်သွား

mgyoe.com

mgyoe.com


နိုင်သည်။

ဤကန္တာရ၌ ရက်စက်ကြမ်းကြုတ်ရာတွင် သူမတူအောင် သရုပ်ဆောင်းထားသော ဝံပုလွေကြီးများသည် အစာအာဟာရနှင့် ထက်ကြပ်မကွာ ငါတို့မိသားစုနောက်ကို ပြေးလိုက်လာနေကြသည်။ ဝံပုလွေများသည် ငါတို့၏ ခြေရာအတိုင်းပင် ညာသံပေး၍ လိုက်လာနေကြတုန်း။

အဖသည် နှင်းကျီးပေါင်းတက်နေသော ကျောက်နံရံ မတ်စောက်တစ်ခု ပေါ်သို့ ဦးစွာ လွှားခနဲ ခုန်တက်လိုက်သည်။ အဖနည်းတူ နှစ်ရပ်ကျော်မြင့်သော ကျောက်နံရံကို အမိလည်း ခုန်တက်သွား၏။ သို့သော် ငါတို့ ညီအစ်ကို သုံးယောက်မှာ ချက်ချင်း ခုန်မတက်နိုင်ကြ။ အစ်ကိုကြီးက ကြောက်ရွံ့ဇောနှင့် တစ်ကြိမ်ခုန်လိုက်ရာ ကျောက်စွန်းတစ်ခုပေါ် လက်ကိုင်မိသွားပြီး တွဲလောင်းကြီးဖြစ်နေသည်။

တောင်အောက်ဘက်က ပြေးတက်လိုက်လာကြသော ဝံပုလွေအုပ်က ကျောက်ထရံစောင်းနှင့် နီးလာပြီ။ အစ်ကိုလေးနှင့် ငါသည်လည်း ကြောက်ကြောက်နှင့် အမိအဖတို့ ရှိနေရာသို့ ခုန်တက်လိုက်ကြသည်။ သို့သော် ကျောက်စွန်း ကျောက်ချွန် တစ်ခုခုကိုမျှ လက်လှမ်းမမိသဖြင့် ပြုတ်ကျလာကြ၏။ ထိုအချိန်မှာပင် ကျောက်စွန်းတစ်ခုကို လက်ဆုပ်ကိုင်မိပြီး တွဲလောင်းကြီး ဖြစ်နေသော အစ်ကိုကြီးကို အဖက ငုံ့ဆွဲလှမ်းတင်သွားသည်။ အစ်ကိုကြီးက အမိအဖတို့နည်းတူ ဝံပုလွေကြီးတို့၏ အန္တရာယ်မှ ကင်းဝေးသွားပြီ။

ငါတို့ညီအစ်ကိုနှစ်ယောက်မှာ အမိအဖတို့ကို ကူညီရန် အော်ဟစ် အကူအညီတောင်းကာ ဆတ်ဆတ်တုန်နေကြသည်။ အမိနှင့် အဖတို့သည် ခါးချိုးခေါင်းငုံ့ကာ သူတို့၏ လက်တစ်ဖက်စီကို တွဲလောင်းချပေးထားကြသည်။ ငါသည် အမိ၏လက်ကို ခုန်ဆွဲလိုက်သလို အစ်ကိုလေးကလည်း အဖ၏လက်ကို ခုန်ဆွဲကိုင်လိုက်နိုင်သည်။ ထိုအခါမှ ငါတို့နှစ်ယောက်သည် အမိအဖနှင့် အစ်ကိုကြီးတို့ရှိရာ ကျောက်ထရံထိပ်ပေါ် ရောက်လာကြရသည်။

ငါတို့ အပေါ်သို့ရောက်၍ လက်မတင်ရုံလေးတွင် ဝံပုလွေအုပ်သည်လည်း ငါတို့အောက် အပြေးရောက်လာကြသည်။ ငါတို့ခုန်တက်ပြေးသွားကြသည်ကို မြင်လိုက်ကြသော ဝံပုလွေအုပ်သည်လည်း ငါတို့ကို သတ်ဖြတ်

mgyoe.com

စားသောက်နိုင်ရန် ကျောက်နံရံကို ကုတ်ခြစ် ခုန်တက်နေကြသည်။ သို့သော် တစ်ကောင်မျှ အပေါ်သို့ ရောက်မလာ။ အားလုံး အောက်သို့သာ ပြန်ပြန်ကျသွားကြသည်။

သူတို့၏ လေးဖက်ထောက်အခုန်သည် ငါတို့၏ မတ်တတ်ရပ် အခုန်အမြင့်ကို မမီနိုင်။ ထိုအခါ သူတို့သည် ငါတို့ကဲ့သို့ မတ်တတ်ရပ်ကြသည်။ ငါတို့ခုန်သလို ခြေကိုကွေး၍ ငါတို့ဆီရောက်ရန် အကြိမ်ကြိမ် ခုန်နေကြသည်။ ကျောက်ချွန် ကျောက်စောင်းတို့ကို လှမ်းဆွဲကြသည်။ သို့သော် တစ်ကောင်တလေသော ဝံပုလွေကမျှ ကျောက်စွန်၊ ကျောက်ချွန်တို့ကို မကိုင်မိဘဲ ပြန်ပြန် ပြုတ်ကျနေကြသည်။ သူတို့၏လက်သည် ငါတို့လက်လို ကျောက်စွန်းကျောက်ချွန်များကို မြဲမြဲ မကိုင်နိုင်ကြ။ ငါတို့ထက် လက်ချောင်းခြေချောင်းတိုသော သူတို့သည် ဘယ်လိုမှ ငါတို့၏အစွမ်းကို မမီနိုင်ကြ။

သို့သော် ဝံပုလွေများသည် ဆာလောင်မွတ်သိပ်မှု၏ စေ့ဆော်ချက်နှင့် အတူ လက်မလျှော့ကြသေးဘဲ တစ်ကောင်ပြီးတစ်ကောင် မတ်တတ်ခုန်လိုက်၊ လေးဖက်ထောက်ခုန်လိုက်နှင့် ငါတို့အောက်တွင် မျက်စိနောက်စရာကောင်းလောက်အောင် ဝရုန်းသုန်းကား ဖြစ်နေကြသည်။

သည်လိုနှင့် တစ်ကောင်သော ဝံပုလွေကြီးသည် ဘယ်ကဘယ်လို နည်းရသွားသည် မသိ။ အကြိမ်ကြိမ်ခုန်နေရင်းက ငါတို့ရှိရာ ကျောက်စွန်းတစ်ခုတွင် စောစောက အစ်ကိုကြီး တွဲလောင်းဖြစ်နေသလို လာဖြစ်နေသည်။ ငါတို့လို လက်ချောင်းမရှည်သော်လည်း လက်သည်းရှည်သော ဝံပုလွေကြီးသည် သူ၏ သန်မာသော လက်သည်းနှင့် ပြန်ပြုတ်မကျရန် အတင်းတွယ်ကပ် ကုတ်ခြစ်ထားသည်။

ထိုဝံပုလွေကြီးကို အဖသည် လက်တံရှည်ကြီးနှင့် လည်ကုပ်ကို ဆတ်ခနဲ ဖမ်းဆွဲကာ ကျောက်ချွန်တစ်ခုပေါ် တအားကုန် ကိုင်ပေါက်ချလိုက်သည်။ အဖက ကျောက်ချွန်ပေါ် ကိုင်ပေါက်လိုက်သော ဝံပုလွေကြီး၏ကိုယ်ကို ဖောက်ကာ ကျောက်ချွန်သည် အပေါ်သို့ပင် တစ်ထွာတစ်မိုက်မက ဖောက်ထွက်လာသည်။

ဝံပုလွေကြီးမှာ ကျောက်ချွန်စူးခံရကာ ညည်းညူအော်ဟစ် ရုန်းကန်နေသည်။ သို့သော် သူဘယ်လိုရုန်းရုန်း အဖုအထစ်ရှိသော ကျောက်ချွန်စူးမှ

mgyoe.com

mgyoe.com


သူ့ကိုယ်လုံး လွတ်ထွက်မသွား။ သွေးတွေ အိုင်ထွန်းနေသည်ကို အမိအဖ တို့က ငုံ့ကြည့်၍ ခဏတော့ မှင်တက်မိသွားကြ၏။ အဖက ဝံပုလွေကြီးကို ကိုင်ပေါက်စဉ်ကမှ ကျောက်ချွန်ရှိရာသို့ တမင်ရည်ရွယ်ချက်နှင့် ကိုင်ပေါက် လိုက်ခြင်း မဟုတ်။ ထိတ်လန့်တကြားနှင့် ရမိရရာ ဖမ်းဆွဲပြီး ရေခဲပြင်မှာ သားကောင်ကို ဖမ်းသတ်ကိုင်ပေါက်နည်းအတိုင်း ကိုင်ပေါက်ခြင်းသာ။ ထို့ ကြောင့်လည်း သူ ကြောက်ကြောက်နှင့် ရမိရရာ ဦးတည်ရာမဲ့ ကိုင်ပေါက် ခါမှ ဝံပုလွေကြီးကိုယ်ပေါ်က ကျောက်ချွန်ကြီးတစ်ခု ဖောက်ထွက်လာသည် ကို မြင်ရသောအခါ အံ့အားသင့်သွားပုံရသည်။ ထို မတော်တဆအဖြစ်ကို အဖသာမဟုတ် ငါတို့အမိနှင့်တကွ အားလုံး အံ့သြသွားကြသည်။ ယခင် ကမူ ရေခဲပြင်၌ အကြိမ်ပေါင်းမရေမတွက်နိုင်အောင် သားကောင်ကိုလိုက်ဖမ်း ပြီး ရေခဲပြင်တွင် သားကောင်သေသွားအောင် တဖုန်းဖုန်း ကိုင်ပေါက်ခဲ့ကြ သော်လည်း ဤအဖြစ်မျိုးလိုကား တစ်ခါမျှ မဖြစ်ဖူးပေ။

ထိုဦးစီးခေါင်းဆောင် ဝံပုလွေကြီး၏ ကျောက်တောင်ပေါ်က အဖြစ်ကို မမြင် မတွေ့နိုင်ကြသော်လည်း ထိုဝံပုလွေကြီး၏ အသက်ငင်အော်ဟစ်သံကြောင့် ကျောက်တောင်အောက်က ဝံပုလွေများအားလုံး ပြန်ပြေးသွားကြသည်။

သူ့ကိုယ်ပေါ် စူးနစ်ဝင်နေသော ကျောက်ချွန်ကြီး လွတ်ထွက်သွားအောင် ထ,မခုန်နိုင်သော ဝံပုလွေကြီးသည် ညည်းတွားရင်း သေသွားလေသည်။

ဝံပုလွေကြီး သေသွားသောအခါ အမိအဖတို့သည် ဝံပုလွေကြီးကိုယ် ပေါ် ဖောက်ထွက်နေသော ကျောက်ချွန်ဆူးကြီးကို မဝံ့မရဲ ကိုင်ကြည့်ကြ သည်။ ကျောက်ချွန်ဆူးကြီးမှာ ဝံပုလွေကြီး၏ ကိုယ်လုံးကြီးကိုသာ ဖောက် ထွက်နိုင်သည်မဟုတ်။ ငါတို့မိသားစုထဲမှ တစ်ယောက်ယောက်သည်လည်း ဝံပုလွေကြီးကဲ့သို့ တစ်ဦးဦးဆီ၌ ကိုင်ပေါက်ခံရလျှင် ငါတို့ကိုယ်ကိုလည်း ဤကျောက်ချွန်ဆူးသည် ထုတ်ချင်းခပ် ဖောက်ထွက်နိုင်မည်သာ။

ကျောက်ချွန်ကြီးကိုကြည့်၍ အမိအဖတို့သည် အံ့အားသင့်နေရာမှ ဝံပုလွေကြီး ကိုယ်ခန္ဓာကို ဝိုင်းဆွဲကြသည်။ ဦးခေါင်းနှင့် လက်တို့မှ ငါတို့ ညီအစ်ကိုလည်း ဝိုင်းကူဆွဲကြသည်။ ဖြင်းဖြင်းဗြစ်ဗြစ်မည်ကာ ဝံပုလွေကြီး ၏ အောက်ပိုင်းတစ်ခုလုံးသည် နှစ်ခြမ်းကွဲသွားလေသည်။ သွေးတွေမှာ ရေခဲဦးပေါင်းဆောင်းထားသော ကျောက်တောင်ထိပ်တွင် ရဲရဲနီသွားသည်။

mgyoe.com

mgyoe.com


ငါတို့အားလုံး အံ့သြပြီးရင်း အံ့သြရင်း ဖြစ်ကြရသည်။ ဤကျောက်ချွန်သည် ဝံပုလွေကြီး၏ကိုယ်ကို ထိုးဖောက်နိုင်ရုံသာမက ကျောက်ချွန်၏ဘေးမှ ကျောက်စောင်းထက်ထက်သည်လည်း ဝံပုလွေကြီး၏ ဝမ်းဗိုက်ကို ခွဲစိတ်ပေးနိုင်စွမ်း ရှိလေသည်။ ဤကျောက်ချွန်ဆူးရှပ်သည် အစွမ်းသတ္တိရှိပေစွ။

ယခင်က ငါတို့မိသားစု သားကောင်ကို သတ်စားခဲ့ကြသည်မှာ မြေပြင်၌ ကိုင်ပေါက်ဖိသတ်၍သာ ကိုက်သတ်စားခဲ့ကြ၏။ ယခုလိုအဖြစ်မျိုးနှင့် အံ့သြဖွယ်ရာ တစ်ခါမှ မကြုံဖူးခဲ့ကြ။ ထို့ကြောင့်လည်း အဖသည် ထိုကျောက်စောင်းနှင့် သူ့လက်မောင်းကို ထိစမ်းကြည့်သည်။ ကျောက်စောင်းသည် ဝံပုလွေကြီး၏ ဗိုက်ကိုသာ ထိဝင်ဖောက်ထွက်လာနိုင်သည်မဟုတ်။ အဖ၏လက်ကိုလည်း ထိရှ စူးဝင်နိုင်လေသည်။

ငါတို့သည် ဤကျောက်ချွန် ကျောက်စောင်းရှပ်ကို အလွန်သဘောကျကာ ဝံပုလွေအသေကောင်ကြီးအား ကျောက်ချွန်ကျောက်စောင်းပေါ် အကြိမ်ကြိမ် ကိုင်မြှောက်ကာ တအားရိုက်ချ၍ ဝံပုလွေအသေကောင်ကြီးအား အစိတ်စိတ် အမြွာမြွာဖြစ်သွားအောင် ကျောက်ချွန်ကျောက်စောင်းတို့နှင့် ကိုက်ဖြတ်လှီးဖွဲ့ကြည့်ကြသည်။ ဝံပုလွေကြီး၏ အသည်းနှလုံး ကလီစာများကို စားရင်း ဝံပုလွေကြီး၏အသားကို ကျောက်စောင်းနှင့် အကြိမ်ကြိမ် လှီးဖြတ်ကြပြန်သည်။ ထို့နောက်မှာ အစွမ်းထက်လှသော ဤကျောက်ချွန်ကျောက်ချပ်ကို သားကောင်လိုက်ရာ၌ အသုံးပြုရန် ကြံဆတွေးတောလာကြသည်။

သည်လိုနှင့် ငါတို့သည် ကျောက်ချွန်ဖြစ်အောင် ကျောက်စောင်းကျောက်စူးဖြစ်အောင် ကန္တာရကျောက်ဆောင်များမှ ကျောက်လုံးကျောက်သားများကို ကောက်သွေး၍ ကျောက်လက်နက်များကို ပိုင်ဆိုင်လာကြလေ၏။ နောင်တွင် ကျောက်လက်နက်များကို ကိုယ်စီကိုယ်င ကိုင်ဆောင်ထမ်းသွား၍ သားကောင် လိုက်တတ်လာကြသည်။ တောတောင်အနှံ့ လျှောက်သွား၍ သားကောင်ရှာကြသည်။ ကျောက်လက်နက်တစ်ခု ပိုင်ဆိုင်လာကြသဖြင့် ပို၍လည်း ရဲရင့်လာကြသည်။ ဘယ်တော ဘယ်တောင် ဘယ်ကန္တာရကို ရောက်ရောက် ကြောက်စိတ် လုံးဝမရှိကြတော့။

❊ ❊ ❊

mgyoe.com

mgyoe.com


ရေခဲပြင်ကန္တာရကြီးထဲတွင် မုန်တိုင်းကြီးက အဆမတန် တိုက်ခတ် ကြမ်းရမ်းလာပြန်သည်။ သားကောင်ရှာရန် ဂူအပြင်ဘက်သို့ လုံးဝမထွက်နိုင်ကြ။ မုန်တိုင်းလေပြင်းကြီးထဲ၌ လွင့်စဉ်ပါလာသော ဆီးနှင်းခဲများသည် ဂူဝ၌ပင် ကျီးပေါင်းလာတက်နေကြသည်။ ထိုတစ်ချိန်လုံးတွင် ငါတို့သည် ကျောက်လက်နက်များကို ချွန်ထက်အောင် အကြိမ်ကြိမ် အခါခါ တိုက်ပွတ်သွေးနေကြလေသည်။

နှင်းမုန်တိုင်းကြီးကျရောက်စဉ်က ဦးတည်ရာမဲ့ ပြေးလာခဲ့သော ဝံပုလွေကြီး တစ်ကောင်သည် အဖော်သင်းကွဲကာ တညည်းညည်း တညူညူနှင့် မုန်တိုင်းခိုရန် ငါတို့ဂူထဲ သွေးရူးသွေးတန်း ပြေးဝင်လာသည်။ ငါတို့မိသားစုကိုမြင်၍ ပြန်လှည့်ပြေးရန်အလုပ်တွင် အဖသည် ထိုဝံပုလွေကြီးကို ပထမဆုံးထိုကျောက်ချွန်လက်နက်နှင့် တအားလှမ်းပစ်လိုက်သည်။ ဝံပုလွေကြီးသည် ငယ်သံပါအောင်အော်ဟစ်ကာ ဂူအပြင်ဘက် ထွက်ပြေးသွား၏။ အဖ လှမ်းပစ်လိုက်သော ကျောက်ချွန်လက်နက်သည် အမှောင်ပိန်းပိတ်ထဲ အရောင်ထွက်သွားသလိုပင်။

သို့သော် အပြင်ကန္တာရထဲ၌ နှင်းမုန်တိုင်းကြီးက အဆမတန် ကြမ်းရမ်းစွာ တိုက်ခတ်နေသဖြင့် ငါတို့မိသားစု ဂူအပြင်ဘက်သို့ ထွက်မလိုက်နိုင်ကြ။ ဝံပုလွေကြီးကိုယ်ပေါ်မှ စီးကျကျန်ရစ်ခဲ့သော ဂူဝင်ဝအစမှ သွေးစသွေးနများကို ငေးကြည့်ကာ ငါတို့မိသားစုမှာ သွားရည်တမြားမြား ဖြစ်နေကြသည်။ မုန်တိုင်းကြီးကြောင့် အစာအာဟာရ ပြတ်လပ်ကာ သတိမေ့မတတ် ဂူထဲခွေအိပ်နေကြသော ညီငယ်နှင့် ညီမငယ်တို့ပင် သွေးနံ့ရသဖြင့် ခေါင်းထောင်ထကြည့်ကြသည်။

အမိအဖတို့ဆီ၌လည်းကောင်း၊ ဂူထဲ၌လည်းကောင်း စားစရာကို မမြင်ကြရသောအခါ ဆာလောင်မွတ်သိပ်မှုနှင့် ညည်းညူမြည်တမ်းကာ တစ်ဖန်ခွေအိပ်သွားကြသည်။ သည်းထန်သော မုန်တိုင်းကြီးကား မစဲသေး။ ကြမ်းတမ်းပြင်းထန်စွာ တိုက်ခတ်နေဆဲ။ ဂူအပြင်ဘက်က သစ်ပင်ကြီးငယ်များ လဲပြိုကျသံကို တဝုန်းဝုန်း ထိတ်လန့်စရာ ကြားနေရသည်။ မုန်တိုင်းကြီးမြန်မြန်စဲသွားလျှင် ဂူအပြင်သို့ထွက်ကြရန် မိသားစုအားလုံး မျှော်လင့်ထားကြသည်။ အပြင်ထွက်နိုင်ရေး မျှော်လင့်ချက်အိပ်မက်ရှည်ကြီးကို ကိုယ်စီ

mgyoe.com

mgyoe.com


ကိုယ်င မျှော်လင့် အိပ်မက် မက်နေကြရလေသည်။

❋ ❋ ❋

ဆွဲဆွဲငင်ငင်အူလိုက်သော ဝံပုလွေကြီးတစ်ကောင်၏ အူသံကို ကြားနေရသည်။ တစ်နေ့က အဖကျောက်လက်နက်နှင့် ပစ်လွတ်လိုက်သော ဝံပုလွေကြီး ဖြစ်မည်ဟု ငါကပြော၏။ အဖက မဟုတ်နိုင်ကြောင်း ပြန်ပြောသည်။ သူပစ်လိုက်သော ဝံပုလွေမှာ ဤမျှကြာကြာ အသက်မရှင်နိုင်ဟုဆိုသည်။ ယခုလောက်ဆိုလျှင် ရေခဲပြင်တစ်နေရာရာ၌ သေနေပြီး ဖြစ်ချိမ့်မည်ဟုလည်း ထပ်ပြောသည်။ အဖသည် သူ၏ကျောက်လက်နက်နှင့် ခွန်အားကို ဤမျှထိ ယုံကြည်သည်။ အဖ၏ခွန်အားကို ငါတို့လည်း ယုံကြည်ကြသည်။ ထို့ကြောင့်လည်း အဖသည် ငါတို့အား အခါခပ်သိမ်း ဦးဆောင်မှုပေးနေသူ ဖြစ်သည်။

အမိအဖတို့ထက် သက်ရှည်ကျန်းမာသော အဘွားကမူ ဝံပုလွေကြီး၏ အူနေသံမှာ နှင်းမုန်တိုင်းကြီး စဲတော့မည့် အမှတ်သင်္ကေတဟု ဆို၏။ အဘွားစကားကြောင့် ငါတို့အားလုံး ဝမ်းသာသွားကြသည်။ အဘွားပြောသလို မှန်ပါစေဟုလည်း ဆုတောင်းမိကြသည်။ အဘွားပြောသလို အမှန်ပင် ဖြစ်သည်။ မကြာမီ နှင်းမုန်တိုင်းကြီး စဲသွားလေသည်။ ထိုအခါ ငါတို့မိသားစုသည် ကျောက်လက်နက်ကိုယ်စီနှင့် သားကောင်ဖမ်းရန် ဂူအပြင်ဘက် ထွက်လာကြသည်။

သုံးလေးရက် တိုက်ခတ်သွားသော နှင်းမုန်တိုင်းကြီးကြောင့် မိုးကောင်းကင်သည် ကြည်လင်သန့်စင်နေသည်။ မိုးသားတိမ်တိုက် အဖွဲ့အစများကိုပင် မမြင်ရ။ နှင်းရိပ် နှင်းမည်းခဲများလည်း ဘယ်ဆီ လွင့်စဉ်သွားကြသည် မသိ။ ကျောက်လိုဏ်ဂူ တောင်ကြားများ၌ပင် တည်ဝပ်နေသည်ကို မတွေ့ရ။

သို့သော် ငါတို့ဂူပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးငယ်များသည် မြင်မကောင်း ရှုမကောင်း ရေခဲပြင်ပေါ် လဲလျောင်းကုန်ကြသည်။ ထို့ကြောင့်လည်း မြင်ကွင်းမှာ တစ်နံတစ်လျား ရှည်လျားနေသည်။ အလင်းရောင် ထိုးဟပ်ထားသော ရေခဲပြင်ကြီးမှာ အရောင်တလက်လက်နှင့် မျက်စိတစ်ဆုံး မိုးတစ်ဆုံး ကျယ်ပြန့်နေသည်။ မိမိတို့ကျောက်ဂူကြီး၏ အမှတ်သင်္ကေတဖြစ်သော

mgyoe.com

mgyoe.com


သစ်ပင်ကြီးများ ပြိုလဲသွားသောအခါ သားကောင်လိုက်ရာမှ ပြန်လာသော ငါတို့ မိသားစုသည် မိမိတို့ ကျောက်ဂူရှိရာကိုပင် တန်းတန်းမတ်မတ် ပြန်လာနိုင်ကြဦးမည်လားဟုပင် တွေးပူစရာ ဖြစ်ကြရသည်။ ယခင်ကဆိုလျှင် ဝေးလံသီခေါင်သော မည်သည့်အရပ်ကကြည့်ကြည့် မိမိတို့ကျောက်ဂူကြီး ရှေ့က မိုးထိုးနေသော သစ်ရိုင်းပင်ကြီးများကို လှမ်းမြင်နိုင်ကြသည်။

ယခုမူ ထိုအမှတ်အသား သစ်ပင်ကြီးများအားလုံးသည် ရေခဲပြင်ထဲ လဲလျောင်းနစ်နေကြလေပြီ။ ခက်လက်အချို့သာ ထိုးထိုးထောင်ထောင်နှင့် မြင်မကောင်း ရှုမကောင်း ကျန်နေကြတော့သည်။

ငါတို့မိသားစုသည် ရေခဲပြင်ပေါ်က ကျောက်ဆောင် ကျောက်တုံးများ ကို အမှတ်အသားထားပြီး သားကောင်လိုက်ရန် ထွက်လာကြသည်။ ကိုယ်စီ ကိုယ်င ကျောက်လက်နက်တွေ ပါလာကြသဖြင့် ဤရေခဲပြင်၊ ရေခဲတောင်၊ ကန္တာရတစ်ဝိုက်တွင် ယခင်ကလို မည်သည့်သားကောင်ကိုမျှ မကြောက်ကြ တော့။ ငါတို့ပိုင်ဆိုင်ထားသော ကျောက်လက်နက်မျိုးကို မည်သည့်ပြိုင်ဘက် တွေ ဆီမှာမှ မတွေ့ရသေး။ ဤကန္တာရ၌ ငါတို့မိသားစုသည် အဦးဆုံး ကျောက်လက်နက် ပိုင်ရှင်များပင်။

မိုးတစ်ကုပ် အမြင့်တစ်ဆုံးရှိ ရေခဲတောင်ထိပ်ပေါ်တွင် အလင်းရောင် ပျပျကို မြင်နေရသည်။ တောင်ခြေတွင် ရေခဲငှက်များ အုပ်လိုက် ပျံသန်းနေ ကြ၏။ သူတို့သည် မမြင်မတွေ့ရသည်မှာ သုံးလေးရက်ရှိခဲ့သော အလင်း ရောင်ထဲ၌ ပျော်မြူးအော်ဟစ်နေကြသည်။ ထိုရေခဲငှက်များ အတောင်ညောင်း ၍ ရေခဲပြင်ပေါ်ရှိ ကျောက်ဆောင် ကျောက်တန်းများ၌ နားနေရန် ဆင်းလာ ကြသည်နှင့် တစ်ပြိုင်နက် ဖမ်းကိုက်စားသောက်ရန် လည်တမော့မော့နှင့် ရေခဲငှက်များ ပျံရာအောက်က အရိပ်နှင့်အတူ လိုက်ပါနေကြသော ဝံပုလွေ တစ်အုပ်ကိုလည်း ဝိုးတိုးဝါးတား လှမ်းမြင်နေရသည်။

အမြင်ဝေးလွန်းလှသဖြင့် ဝံပုလွေများကို သွားလိုက်ဖမ်းကြရန် ငါတို့ မိသားစု စိတ်မဝင်စားကြ။ ခရီးက ဝေးလွန်းသည်။ ဝံပုလွေကြီးများမှာလည်း ရေခဲငှက်များ ပျံရာအောက်က အရိပ်ခံခေါင်းမော့၍ ပြေးလိုက်နေကြရာ မီနိုင်ချေ မရှိပေ။ အနီးဝန်းကျင်တွင် သားကောင် ရှိမရှိကိုသာ အကဲခတ် လျှောက်လာကြသည်။

mgyoe.com

mgyoe.com


ရေခဲလွင်ပြင်ပေါ်တွင် ထီးထီးကြီး မက်စောက်စွာရပ်နေသော ကျောက်ဆောင်တစ်ခုပေါ်၌ ရေခဲငှက်သုံးလေးကောင် အတောင်ညောင်း၍ နားနေကြ၏။ ထိုရေခဲငှက် သုံးလေးကောင်ကိုဖမ်းစားရန် မြေခွေးလင်မယားနှစ်ကောင်က ချောင်းနေကြသည်။ ထိုမြေခွေးနှစ်ကောင်ကို ဖမ်းစားရန် ငါတို့မိသားစုသည်လည်း အညင်အသာ ခြေဖွနင်း၍ ကျောက်ဆောင်နား ကပ်လာကြသည်။

မည်သို့ဖြစ်သည်မသိ။ ရေခဲငှက်သုံးကောင်က အလျင်ဦးဆုံး အသံပေးဟစ်ကျွေးဟာ ကျောက်ခေါင်းလိုဏ်ဂူပေါက်ထဲ ချက်ချင်း ဝင်ပြေးသွားကြ၏။ အစကသော် သူတို့အား မြေခွေးလင်မယား လာချောင်းသည်ကို ရိပ်မိ၍ ဝင်ပြေးသွားကြသည်ဟု ထင်လိုက်ကြ၏။ ထိုရေခဲငှက်သုံးကောင် ကျောက်လိုဏ်ခေါင်းထဲ ဝင်ပြေးသွားကြသည်မှာ ငါတို့မိသားစုအတွက် ပြဿနာမရှိ။ ထိုရေခဲငှက်သုံးကောင်မှာ အဖတစ်ယောက်စာပင် မရှိသဖြင့် မြေခွေးလင်မယားကိုသာ အဓိက ပစ်မှတ်အဖြစ် ငါတို့မိသားစု ကျောက်ဆောင်နား ကပ်လာကြသည်။

ထိုအချိန်မှာပင် မြေခွေးလင်မယားသည်လည်း တစ်ကောင်နှင့်တစ်ကောင် တစ်ချက်သာ အသံပေးပြီး အထိတ်တလန့်နှင့် ကျောက်ဆောင်အောက်ခုန်ချကာ ထွက်ပြေးသွားကြသည်။ ငါတို့လာချောင်းသည်ကို ရိပ်မိ၍ဟု ထင်ရအောင်ကလည်း ငါတို့မှာ မြေခွေးလင်မယား၏ ကျောဘက် ကျောက်ကွယ်ကသာ မည်သို့ဖြစ်သည်ကို ရုတ်တရက် မတွေးတတ်ကြဘဲ ကြောင်သွားစဉ် အရိပ်မည်းကြီးတစ်ခုသည် အသံမပါဘဲ ငါတို့ကိုယ်ပေါ် ကျလာသည်။ မော့ကြည့်လိုက်စဉ် ငါတို့အားလုံး သတိလစ်မတတ်ဖြစ်သွားကြသည်။ ထို့ကြောင့်လည်း လည်ရှည်လင်းဆွဲကြီး၏ အန္တရာယ်ကို ဘယ်လိုမှ ကာကွယ်ရန်၊ ကျောက်လက်နက်နှင့် ခြောက်ထိုးရန် အချိန်မရလိုက်။ မိုးပေါ်က ဦးဖောက်ထိုးချလာသော လင်းဆွဲလည်ရှည်ကြီးသည် အဖ၏ ခါးကို သူ့လက်နှင့် ကုတ်ဖမ်းသွားသည်။ အဖ အထိတ်တလန့် အော်ဟစ်လိုက်တော့မှ ငါတို့ညီအစ်ကိုတွေလည်း သတိဝင်လာကြသည်။

ထိုအချိန်၌ လင်းဆွဲကြီးသည် အဖကို ဆွဲကုတ်ချီမ၍ မိုးပေါ်သို့ ဆွဲတင်သွားရန် ကြိုးစားလိုက်သည်။ သို့သော် အဖသည် သတိမလစ်၊ လက်၌လည်း

mgyoe.com

mgyoe.com


ကျောက်ဆူးလက်နက် ပါလေရာ လင်းဆွဲကြီး၏ခေါင်းကို နောက်ပြန်တစ်ချက် မြှောက်ရိုက်လိုက်သည်။ အဖလက်မှ ကျောက်လက်နက်နှင့် လင်းဆွဲနှုတ်သီး ထိမိလိုက်သံကို ကြားလိုက်ရသည်။ ထို့ကြောင့်လားမသိ။ အဖအား မိုးပေါ်ဆွဲတင်ယူငင်သွားရန် အတင်းဆင်းကုတ်သော လင်းဆွဲကြီးမှာ အဖကို မိုးပေါ်ဆွဲတင်သွား၍ မရ ဖြစ်သွား၏။ ရုတ်တရက် နှုတ်သီးရှည်ကြီးကို အရိုက်ခံလိုက်ရသဖြင့် လည်ရှည်လင်းဆွဲလည်း မူးသွားပုံရသည်။ ထို့ကြောင့်သာ အဖကို မိုးပေါ်သို့ ကုတ်ချီတင်ယူ မသွားလိုက်နိုင်ခြင်း ဖြစ်သည်။

အမှန်က ရေခဲငှက်နှင့် မြေခွေးလင်မယားတို့ ထွက်ပြေးကြကတည်းကပင် အာကာသကို စိုးမိုးနေသော ဝဠာဘုရင် ဇရာမ လည်ရှည်လင်းဆွဲကြီး အစာရှာ ထွက်လာပြီဆိုသည်ကို ငါတို့ သိတတ်ဖို့ကောင်းသည်။ ငါတို့ထက် လင်းဆွဲကြီးအကြောင်းကိုသိသော ရေခဲငှက်နှင့် မြေခွေးလင်မယားတို့သည် စောစီးစွာကပင် ပြေးချသွားကြလေပြီ။ လင်းဆွဲအကြောင်းကို ငါတို့ကား မြေခွေးနှင့် ရေခဲငှက်များလောက် မသိခဲ့ကြ။

ထို့ကြောင့်လည်း အဖသည် လင်းဆွဲကုတ်ခံရပြီး ရေခဲပြင်ပေါ်တွင် လင်းဆွဲကြီး မနိုင့်တနိုင် ဆွဲပြေးနေရာသို့ တရွတ်တိုက်ပါနေသည်။ အမှန်က အဇ္ဈာဘုရင် လင်းဆွဲကြီးသည်လည်း ငါတို့မိသားစုနည်းတူ အခြားတိရစ္ဆာန်များနည်းတူ မုန်တိုင်းကြီးဒဏ်ကြောင့် သုံးလေးရက် ကျောက်ခေါင်းအောင်းနေခဲ့ရာ ယနေ့မှ ငါ့ဝမ်းပူဆာ မနေသာ၍ ထွက်လာပုံပေါ်သည်။

အဖ၏ ကိုယ်လုံးကြီးကို မိုးပေါ်သို့လည်း မြှောက်ချီယူမသွားနိုင်သော လင်းဆွဲကြီးသည် ရေခဲပြင်ပေါ်တွင် အဖကို တရွတ်တိုက်ဆွဲပြေးနေသည်။ အမိနှင့်တကွ ငါတို့လည်း အဖနောက်ကို ညာသံပေးအော်ဟစ်၍ အပြင်းတရမန်းကြမ်း ပြေးလိုက်ကြသည်။ တစ်ဖက်တစ်ဖက်လျှင် နှစ်လံကျော်ရှည်သော အတောင်ပံကြီးနှစ်ဖက်နှင့် အဖအား မိုးပေါ်ဆွဲတင်သွားရန် အားယူရိုက်ခတ်နေသလို သူ၏ ခြေထောက်နှစ်ချောင်းကိုလည်း ရေခဲပြင်ပေါ်တွင် ခုန်ဆွခုန်ဆွပြေးရင်း အားယူနေသည်။

အဖ၏ခါးကို မိမိရရဆွဲဖမ်းထားသော တောင်ပံများက လက်ကိုမှု မလွတ်တမ်း ကုတ်ထားပုံရသည်။ ခြေနှစ်ချောင်းနှင့် လက်ခြောက်ချောင်းပါသော အာကာသဘုရင်ကြီးသည် အဖကို လက်တစ်ဖက်နှင့် ကုတ်ဆွဲနေရာ

mgyoe.com

mgyoe.com


က အဖကို နှုတ်သီးနှင့်ကိုက်ရန် လည်အညွတ်တွင် အဖလက်တစ်ဖက်က လင်းဆွဲကြီး၏ လည်တံရှည်ကို ဖမ်းမိသွားသည်။ ထိုအခါမှာတော့ အဖနှင့် လင်းဆွဲကြီးတို့မှာ ရေခဲပြင်ပေါ်တွင် လုံးထွေးနေကြလေပြီ။

အဖဆီ၌ လည်ပင်းအညှစ်ခံနေရသော အာကာသဘုရင်ကြီးမှာ ဤတစ်ခါတော့ တကစ်ကစ်အော်ကာ ပါးစပ်ဟနေလေပြီ။ ဟထားသော သူ၏ အပေါ်နှုတ်သီးနှင့် အောက်နှုတ်သီးကြားသည် မြေခွေးလင်မယား တစ်ကိုယ်စာမက ကျယ်သည်။ ထို့ကြောင့်လည်း ဤရေခဲပြင် ကန္တာရတောတောင်ထဲတွင် သူ့ကို မကြောက်ရသူ မရှိပေ။ မြေနေသတ္တဝါ၊ ရေနေသတ္တဝါ၊ လေနေသတ္တဝါ အားလုံးသည် သူ့ကို ကြောက်ကြရသည်။

မကြောက်၍လည်းမရ။ သူသည် *အဇင္ဗာဝင္ဗာ ဘုရင်ကြီးပီပီ မြေပေါ်ရှိ တိရစ္ဆာန်များကို အာကာသ,က ထိုးဆင်းလာပြီး ဖမ်းယူစားသောက်တတ်သူ။ ငါတို့လို လူကောင်လောက်ကို မပြောနှင့် ငါတို့ထက်ကြီးသော သားကောင်ကြီးများကိုပင် သူ့လက်သူ့ခြေနှင့် ကျောကုန်းကိုကုတ်ပြီး မိုးပေါ်ဆွဲတင်သွားနိုင်သူ။ နိမ့်နိမ့်နီးနီး မိုးပေါ်မဟုတ်။ မြင့်မြင့်ရှိုင်းရှိုင်း အဇင္ဗာဝင္ဗာ အမြင့်ကြီးကို ဆွဲတင်သွားနိုင်လေသည်။ သူဆွဲတင်ယူငင်ခြင်း ခံကြရသော သားကောင်များမှာ ရုန်းအားကောင်းသဖြင့် မိုးပေါ်က လွတ်ကျသွားလျှင်လည်း ထိုသားကောင်ကြီး မြေပြင်မရောက်မီ လေထဲ၌ပင် ပြေးဆင်းပြီး တစ်ဖန် ကုတ်ယူပြန်၏။ ထိုသို့ပြုလုပ်နိုင်သော စွမ်းပကားမှာ သူ့တွင် အတောင်ပံ အချိုးအဆစ်တိုင်း၌ လက်ခြောက်ချောင်းပါသဖြင့် ဖြစ်သည်။

လေထဲကပြုတ်ကျသွားသော သားကောင်ကို အတောင်ပံနှင့် တစ်ချက်ရုတ်ခတ်လိုက်သည်နှင့် ထိုသားကောင်သည် သူ့အတောင်ပံက လက်တစ်ချောင်းချောင်း၊ လက်သည်းတစ်စုံစုံနှင့် ချိတ်မိပြီးသား ဖြစ်သွားတတ်သည်။ ဘယ်မှုပြေးမလွတ်။ မြေပေါ်မှ ဖမ်းမိလာသော သားကောင်ကို လွှတ်ချလိုက်၊ လေထဲ၌ ပြန်ဖမ်းယူလိုက် နှစ်ကြိမ်သုံးကြိမ် လုပ်ကစားသည်နှင့် မြေပေါ်နေ၊ မြေပေါ်ကြီး အာကာသ မရောက်ဖူးသော တိရစ္ဆာန်တို့မှာ လမ်းတစ်ဝက် လေထက်၌ပင် အသက်ပျောက်ရပြီ။ သူကမူ လေ၌နေ၊ လေ၌ကြီးပြင်းလာသူ ဖြစ်ရာ လေပြင်းလေညင်းမှာ အသက်ရှူ အလေ့အကျင့် ရနေသည်။ လေပေါ်

*အဇင္ဗာ = ကောင်းကင်

mgyoe.com

mgyoe.com


ကို မရောက်ဖူးသော မြေနေသတ္တဝါတို့မှာမူ အမြင့်ရောက်လေ အသက်ရှူ ကျပ်လေနှင့် သေသွားကြသည်သာ။ ထိုအသေကောင်များကို ဝဋ္ဋာဘုရင် လင်းဆွဲကြီးသည် မြေပြင်ပေါ်သို့ မချဘဲ ကျောက်တောင်၊ ကျောက်ဆောင် တို့၏ လိုဏ်ခေါင်းဂူကြီးများတွင်ထား၍ ဖိမ်နှင့်စားတတ်သည်။ သို့မဟုတ် သိုလှောင်ထားတတ်သည်။

ယခု အာကာသဘုရင် လင်းဆွဲကြီးက ငါ့အဖအား အာကာသထဲ ချက် ချင်း ဆွဲ,မတင်လိုက်နိုင်သည်မှာ အဖအတွက် ကံကောင်းသွားသည်။ အာ ကာသကိုသာ ဆွဲတင်ခံသွားရလျှင် အဖလည်း တခြားမြေနေသတ္တဝါများလို အသက်ရှူကျပ်ကာ ချက်ချင်း သေသွားနိုင်သည်။ ဤသည်မှာ အဖ၏ခွန် အားနှင့် အာကာသဘုရင်ကြီးအား တစ်ချက်သော ကျောက်လက်နက်၏ အစွမ်းလည်း ပါပေမည်။

လင်းဆွဲကြီးသည် မိုးပေါ်ဆွဲ,မတင်နိုင်သော အဖနှင့် ရေခဲပြင်ပေါ် လုံးထွေးနေကြရာ ငါတို့မှာ နောက်ကသာ ပြေးလိုက်နေကြရသော်လည်း အဖကို ထိမှာစိုးသဖြင့် လက်ထဲက ကျောက်လက်နက်နှင့်လည်း လှမ်းမပစ် ရဲ။ အဖက လည်တိုင်ရှည်ကြီးကို အားကုန်ညှစ်ဆုပ်ထားသဖြင့် လင်းဆွဲ ကြီးမှာ သွေးရူးသွေးတန်းနှင့် ဘေးတိုက်၊ နောက်ပြန် အဖကို ဆွဲခေါ်နေရ ရာ ငါတို့ မီလုမီခင်မှာပင် ကျောက်ဆောင်ကြီးတစ်ခုနောက်က ခံနေသဖြင့် လင်းဆွဲကြီး အဖကို ဆွဲမခေါ်နိုင်တော့။

ဤအခွင့်အရေးကို လက်လွှတ်မခံနိုင်သော အမိသည် ဦးဆုံး ပြေး ရောက်သွားသည်။ အာကာသဘုရင်ကြီးနှင့် ရေခဲပြင်ပေါ်တွင် လုံးထွေး သတ်ပုတ်နေရ၍ ကယောင်ကတမ်းအော်နေသော အဖကို အမိက ချက်ချင်း အသံပေးလိုက်သည်။ တိုက်ပွဲပေါင်းများစွာကို ငါတို့အဘိုးအဘွားနှင့်အတူ အကြိမ်ပေါင်းများစွာ ဆင်နွှဲလာတာ ငါတို့အမိက လက်မနှေး။ 'ရှင် ... ဖယ်စမ်း' ဟူသော စကားနှင့်အတူ လင်းဆွဲကြီး၏ လည်ပင်းရှည်ကို လက် နှစ်ဖက်နှင့် တအား ဝင်ညှစ်ထားသည်။ ထိုအခါ ပို၍ အသက်ရှူကျပ်သွား သော အာကာသဘုရင်ကြီးသည် အတောင်ပံနှစ်ဖက်နှင့် အမိကို ရိုက်ခတ် လိုက်သည်။

သို့သော် သူ့လည်ပင်းကို ရဲရဲရင့်ရင့် ဆွဲဆုပ်ညှစ်ထားသော အမိ၏လက်

mgyoe.com

mgyoe.com

က လွတ်မသွား။ အဖသည်သာ လွင့်စဉ်သွားပြီး ရေခဲပြင်ပေါ် ပက်လက် လန်နေသည်။ ငါတို့ညီအစ်ကိုသုံးယောက်လည်း အမိနည်းတူ လင်းဆွဲကြိုး ကို ထုရိုက်သတ်ကြသည်။ အတွေ့အကြုံပိုများသော အစ်ကိုကြီးက လင်း ဆွဲကြီး၏ ဦးခေါင်းကို ထုရိုက်သလို အတောင်နှစ်ဖက်ကိုလည်း ကျောက် လက်နက်နှင့် ငါနှင့် ငါ့အစ်ကိုလေးတို့က ထိုးနှက် ချိုးပစ်လိုက်ကြသည်။ ထိုအချိန်မှာ ရေခဲပြင်ပေါ်၌ ပက်လက်လန်ကျနေသော အဖက တစ်ခါခုန်ထ လာပြီး အာကာသဘုရင်ကြီး၏ လည်ပင်းရှည်ကြီးကို နင်းချိုးလိမ်လည်ပစ် လိုက်သည်။

အဇ္ဈောတစ်ခွင်ကို အစိုးရသော အာကာသဘုရင်ကြီးကား စန့်စန့်ကြီး သေသွားလေပြီ။ အဖ၏ကိုယ်ပေါ်၌ ကုတ်ရာခြစ်ရာများ အပ်ကြောင်းထပ် နေသော်လည်း အပေါ်ယံသာဖြစ်သဖြင့် အဖကမမှု၊ သူ့ရှေ့တွင် မရှုမလှ ဇိဝိန်ချုပ်နေသော လင်းဆွဲလည်ရှည်ကြီးကို စိန်းစိန်းဝါးဝါးကြည့်ကာ မတ် တတ်ရပ်လိုက်သည်။ တိုက်ပွဲမှာ များးစွာမကြာလိုက်သော်လည်း ပြေးလိုက် လာရသော အရှိန်နှင့် အမိလည်း မောနေသည်။ အမိသည် အဖကိုလည်း ကောင်း၊ ငါတို့ညီအစ်ကို သုံးယောက်ကိုလည်းကောင်း ကြည့်၍ မတ်တတ် ရပ်လိုက်သည်။ ထိုအချိန်မှာ အဖက အောင်မောင်းကြီးထုလိုက်သကဲ့သို့ အောင်သံပေး၍ ကြွေးကြော်လိုက်သည်။ အမိနှင့်တကွ ငါတို့သည်လည်း အောင်သံကြီးကို ရေခဲပြင်တစ်ခုလုံး ဟိန်းသွားအောင် ပြိုင်တူအော်လိုက်ကြ သည်။

ငါတို့သည် ရေခဲပြင်ကမ္ဘာကြီးကို အစိုးရသော ကမ္ဘာဦးဝံပုလွေကြီး တစ်ကောင်ကိုလည်း အောင်နိုင်၍ အောင်သေအောင်သား စားခဲ့ကြသည်မှာ ဘယ်လောက်မျှ မကြာသေး။ ယခုတစ်ခါ အာကာသတစ်ခွင် တစ်ပြင်လုံးကို ပြိုင်ဘက်မရှိ စိုးမိုးထားသော ကပ်နှောင်းလင်းဆွဲလည်ရှည်ကြီးကိုလည်း သတ်လိုက်ကြပြီဖြစ်ရာ မိုးထက်ဝဠာနှင့် ဤမဟာပထဝီ မြေကြီးပေါ်မှာ ငါတို့မိသားစုကို အန်တု ဖက်ပြိုင်နိုင်သူ မည်သူရှိတော့အံ့နည်း။

အမြဲ မှုန်ရီဝေဝါးဖြစ်နေသော ရေခဲပြင်ကြီးတွင် အလင်းရောင်မကွယ်မီ ငါတို့မိသားစုသည် အာကာသဘုရင်ကြီး၏ အလောင်းကောင်ကြီးကို ထမ်း၍ မိမိကျောက်ဂူရှိရာ ဘူမိနက်သန်မြေသို့ ပြန်လာကြသည်။ အပြန်

mgyoe.com

mgyoe.com


လမ်းမှာ လာစဉ်က ခြေရာနှင့် အဖအား လင်းဆွဲကြီးဆွဲခေါ်လာရာ စွတ်ကြောင်းကြီးကို နှင်းခဲနှင်းဖတ်များ ဖုံးသွား၍ရှာမရသော်လည်း ရေခဲအောက်ထဲ ရောက်ရောက်၊ ရေခဲပေါ်နေနေ ပကတိတည်နေသော ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်တောင်၊ ကျောက်ဆောင်ကြီးများကို လှမ်းကြည့်ကာ အပျော်ကြီး ပျော်လာကြသည်။ ဤလင်းဆွဲဘုရင်ကြီး၏ ကိုယ်ခန္ဓာကြီးသည် ငါတို့မိသားစုအတွက် သုံးရက်သုံးညသော အစာအာဟာရသည် ပြည့်စုံလုံလောက်သွားလေပြီ။

❆❆❆

ရေခဲကန္တာရထဲတွင် အမြဲလိုလို တိုက်ခတ်တတ်သော နှင်းမုန်တိုင်းကြီး သုံးလေးရက် ကျသွားခဲ့၍လားမသိ။ ရာသီဥတုသည် ယနေ့အထိ အပြောင်းအလဲမရှိ သာယာနေသည်။ ထိုအခါ အလင်းရောင်နှင့်အတူ ငါတို့မိသားစုသည် အစာရှာရန် ထွက်လာကြရပြန်သည်။ ဤကန္တာရ ရေခဲပြင်ကြီး၌ အရောင်အဆင်းသည် အလင်းကိုသာပေးနိုင်ပြီး နွေးထွေးမှုကို မပေးနိုင်။ အလင်းလာမှုကို ငါတို့သည် နွေးထွေးမှုအတွက်ဟုပင် မထင်မှတ်ကြ။ အလင်းသည် မြင်ကွင်းအတွက်၊ အမဲလိုက်ရန်အတွက် လမ်းပြသာ။ ငါတို့ကမ္ဘာကြီးသည် အခါခပ်သိမ်း မှုန်ရီဝေဝါး အေးစိမ့်ခြင်း၊ အေးခဲခြင်းတို့နှင့်သာ အတိပြီးနေသည်။

ဤသို့သော အေးခဲစိမ့်ထိုင်းနေသော ကန္တာရအအေးကမ္ဘာကြီးကို စိုးမိုးရန် ငါတို့နှင့် အပြိုင်တိုက်ခိုက်ခဲ့ဖူးသော ရန်သူတော်ဟောင်း ဝံပုလွေတစ်အုပ်သည် ရေခဲပြင်ပေါ်က အရာဝတ္ထုတစ်ခုကို လုယက်တူးဖော်နေကြသည်။ သူတို့တူးဖော်နေကြသောအရာမှာ သားကောင်ကလွဲပြီး မည်သည့်အရာမှ မဖြစ်နိုင်ဆိုသည်ကို ငါတို့မိသားစုအားလုံး ချက်ချင်း သဘောပေါက်လိုက်ကြသည်။ သားကောင်ကြီးများသည် နှင်းလွင်ပြင်ထဲ၌ ဤသို့သေကြရသည်မှာ ဓမ္မတာဖြစ်သည်။ ငါတို့သည်လည်း အိုမင်းလာသော တစ်နေ့၊ အစာရေစာ ငတ်ပြတ်လာသောတစ်နေ့တွင် ဤသို့ပင် သေကြရမည်။ ငါတို့၏ အလောင်းကောင်သည် နေ့ချင်းညချင်း ဆီးခဲနှင်းဖတ်တွေဖုံး၍ ရေခဲပြင်ထဲ နစ်မြုပ်သွားရမည်။ ငါတို့၏ အသေကောင်ကို ကန္တာရ တိရစ္ဆာန်ကြီးများ

mgyoe.com

ဖော်စားကြလိမ့်မည်။

အလင်းအားနည်းသော ရေခဲပြင်တွင် ဝံပုလွေကြီးများသည် အားသွန်ခွန်စိုက် သားကောင်တူးဖော်နေကြသည်။ သူတို့ ယက်ထုတ်လိုက်သော ရေခဲအဖွဲ့အစများ ဖရိုဖရဲ လွင့်စဉ်နေကြသည်ကို မြင်နေရသည်။ ကျောက်လက်နက်ပါသော ငါတို့သည် ဝံပုလွေကြီးများရှိရာသို့ ကျောက်လက်နက်အားကိုးနှင့် ပြေးချလာကြသည်။ အကယ်၍ ကျောက်လက်နက်သာ မပါလျှင်တော့ ဤမှုများပြားသော ဝံပုလွေအုပ်ကို ငါတို့မိသားစု တိုက်ခိုက်ရဲကြမည် မဟုတ်။ ငါတို့မှာ အမိ အဖ ညီအစ်ကိုသုံးယောက်သာပါသည်။ ဝံပုလွေအုပ်ကမူ ဆယ်ကောင်မက ရှိသည်။ သို့သော် ကျောက်လက်နက်အားကိုးနှင့် ငါတို့သည် ဝံပုလွေအုပ်ရှိရာသို့ ပြေးလိုက်လာကြသည်။ အစာငမ်းနေကြသော ဝံပုလွေအုပ်သည် သူတို့အနားသို့ ငါတို့ မရောက်မချင်း သတိထားမိကြမည်မဟုတ်။ သူတို့၏ တစ်ကိုယ်လုံးကို အာဟာရက ဖမ်းစားထားသည်။ သူတို့နည်းတူ ငါတို့မှာလည်း ဝံပုလွေအုပ်ရှိရာကိုသာ ဦးတည်၍ ပြေးလိုက်လာကြသည်။ ဝံပုလွေအုပ်ရှိရာသို့ ခြေလှမ်းပေါင်းများစွာ ပြေးလိုက်ကြရဦးမည်ဖြစ်သဖြင့် ပတ်ဝန်းကျင် ဘယ်ညာကို သတိထား မကြည့်မိကြ။ ငါတို့မိသားစု၏ မျက်လုံးဆယ်လုံးသည် ဝံပုလွေများ တူးဖော်နေကြသော နေရာ၌သာ စူးစိုက်ထားကြသည်။

ထိုသို့ ပြေးလိုက်နေကြစဉ် အမိအဖတို့ခြေလှမ်းက ရုတ်တရက် ရပ်တန့်သွားသည်။ ထိုအခါ ငါတို့ညီအစ်ကိုသုံးယောက်၏ ခြေအစုံကလည်း အလိုလို ရပ်တန့်ပြီးသား ဖြစ်သွားကြသည်။ ခြေလှမ်းသာ ရပ်တန့်သွားသည် မဟုတ် အမိအဖတို့က အထိတ်တလန့်နှင့် နောက်သို့ပင် ဆုတ်လိုက်ကြသေးသည်။ ငါတို့ညီအစ်ကိုသည် အမိအဖတို့နား ချက်ချင်း ရောက်သွားကြ၏။ အရေးပေါ် တိုက်ပွဲတစ်ခုနှင့် ရင်ဆိုင်ကြရတော့မည်ဟု သိလိုက်ကြသည်။

ထိုအချိန်မှာပင် ငါတို့ရှေ့ အတော်လှမ်းလှမ်းမှ ဝက်ဝံကြီး လေးငါးကောင်သည် ဝံပုလွေများရှိရာသို့ အော်ဟစ်ပြေးသွားနေကြသည်ကို ကန့်လန့်ဖြတ် လှမ်းမြင်လိုက်ကြရသည်။ ဤဝက်ဝံဆိုးကြီးများသည် ဘယ်ဂူ၊ ဘယ်ကျောက်ဆောင်တွေက ပြေးထွက်လာကြသည်မသိ။ သားကောင်လုရန်သို့မဟုတ် ဝံပုလွေကြီးများကို တိုက်ခိုက်သတ်ဖြတ်၍ စားသောက်ရန် ရောက်

mgyoe.com

mgyoe.com


သွားကြလေပြီ။

ဝံပုလွေအုပ်နှင့် ဝက်ဝံကြီးတို့၏ တိုက်ပွဲမှာ ကျောချမ်းစရာကောင်းလှသည်။ ငါတို့နှစ်ရပ်ထက်ပင် မြင့်မားကြီးထွားကြသော ဝက်ဝံကြီးလေးငါးကောင်သည် ဝံပုလွေကြီးများကို တရမန်းကြမ်း ဖိကိုက်သတ်ဖြတ်နေကြသည်။ အုပ်ကောင်းသော ဝံပုလွေများကလည်း ဝက်ဝံတစ်ကောင်ကို သုံးလေးကောင် ဝိုင်းကိုက်၍ ခုခံနေကြ၏ ဝက်ဝံကြီးများ၏ တိုက်ခိုက်မှုမှာ နမူနာယူလောက်သည်။ သူတို့ကိုက်သော ရန်သူတစ်ကောင် မသေမချင်း ထိုတစ်ကောင်ကိုသာ သေအောင်ဖိကိုက်သည်။ ထိုအကောင်ကို အသေဖိတိုက်နေစဉ် ဝံပုလွေကြီးနှစ်ကောင်က သူ့တင်ပါး၊ ကျောကုန်းက အသားများကို ဖွဲ့ကိုက်စားကြသည်ကိုပင် ဂရုမပြု၊ သူ့အသားအနာခံ၍ တစ်ကောင်ကို သေအောင်ကိုက်သတ်ထားပြီးမှ နောက်ဝံပုလွေတစ်ကောင်ကို အသေကိုက်သတ်ပြန်သည်။

ကောင်ရေနည်းသော်လည်း ကိုယ်ခန္ဓာကြီးမားကာ ခံနိုင်ရည် အပြည့်ရှိသော ဝက်ဝံကြီးများက ဝံပုလွေများကို တစ်ကောင်ပြီးတစ်ကောင် ကိုက်လှဲလိုက်သောအခါ ဝံပုလွေအုပ်မှာ အော်ဟစ်ညည်းတွားပြီး ထွက်ပြေးကြရသည်။ သို့သော် ဝေးဝေးလံလံသို့မဟုတ်။ ရေခဲပြင်ထဲ ကိုက်လှဲထားသော သူတို့အဖွဲ့က ဝံပုလွေသုံးလေးကောင်အသေနှင့် ဝက်ဝံကြီးများရှိနေရာကို မနီးမဝေးက ပတ်ချာလှည့်ပြီး အူလိုက် ဟောင်လိုက် လုပ်နေကြသည်။ ပြေးမကိုက်၊ ပြေးမလိုက်ကြတော့။ ဣန္ဒြေရရပင် ဝံပုလွေအသေသုံးလေးကောင်ကို ပေါ့ပေါ့ပါးပါးကိုက်ချီပြီး ရေခဲတောင်ခြေအောက်ဘက် ဆင်းလာကြသည်။

ဝက်ဝံကြီးများကိုကြည့်ကာ ငါ တုန်လှုပ်ချောက်ချားမိသည်။ ဤဝက်ဝံကြီးများသည် ဝံပုလွေများကိုသာမဟုတ် ငါတို့၏ ဘိုးဘေးဘီဘင်ကစ၍ ဆွေမျိုးသားချင်းများကိုလည်း သတ်စားဖူးကြောင်း အဘွားပြောပြထားသဖြင့် သိထားရသည်။ ဤကန္တာရကို စိုးမိုးနိုင်သူတွေမှာ ငါတို့နှင့် ဝံပုလွေများ၊ အာကာသဘုရင် လင်းဆွဲလည်ရှည်ကြီးများသာဟု ထင်ထားခဲ့ရာမှ ယခုကန္တာရကို အမှန်တကယ် စိုးမိုးနိုင်သူ ဝက်ဝံကြီးများက ပေါ်လာပြန်ပြီ။ ငါတို့သည် ဝံပုလွေနှင့် လင်းဆွဲတို့ကို သတ်ဖူးကြပြီးဖြစ်သော်လည်း ဝက်ဝံ

mgyoe.com

mgyoe.com


ကြီးများကိုမူ မသတ်ဖူးကြသေး။ သတ်ဝံ့ကြမည်လား၊ ဝက်ဝံကြီးများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရဲကြမည်လားဆိုသည်ကိုတော့ အမိ အဖတို့သည် တစ်နေ့နေ့၌ ဆုံးဖြတ်ချက် ပေးကြပါလိမ့်မည်။

ဝက်ဝံကြီးများ ဖယ်ခွာသွားကြသည်နှင့် ပတ်လည်လှည့် အော်မြည်ကျန်နေခဲ့ကြသော ဝံပုလွေကြီးများသည် သူတို့၏ မူလနေရာသို့ ပြန်လည်စုစည်း၍ ရောက်လာကြပြန်သည်။ ပြန်လည်တူးဖော်နေကြပြန်သည်။ ဤတစ်ခါဝံပုလွေကြီးများကို မောင်းထုတ်ရန်မှာ ငါတို့အလှည့်ဖြစ်သည်။ အမိအဖတို့သည် တစ်မုဟုတ်ချင်း ပြေးချလိုက်ကြသည်။ ငါတို့ညီအစ်ကိုသုံးယောက်သည် ခါတိုင်းနေ့များကလို ခြေလှမ်းမသွက်ကြ။ စောစောကမှ ဝံပုလွေကြီးအသေသုံးကောင်ကို ကိုက်ချီယူသွားကြသော ဝက်ဝံကြီးများ၏ အရိပ်သည် ငါတို့ကို အုပ်မိုးခြောက်လှန့်လျက် ရှိနေလေသည်။

ဝက်ဝံကြီးများ၏ အရိပ်သည် ငါတို့ကိုသာ လွှမ်းမိုးနေသည်မဟုတ်။ ဝံပုလွေကြီးများကိုလည်း ယခုထိ လွှမ်းမိုးနေပုံရသည်။ ကန္တာရဝက်ဝံကြီးများဆီ၌ အရှုံးကြီးရှုံးပြီး ထွက်ပြေးခဲ့ကြရသော ဝံပုလွေများသည် သွေးလန့်နေကြပုံရသည်။ အမိအဖတို့က တူးယက်နေကြသော ဝံပုလွေများကို ကျောက်လက်နက်နှင့် လှမ်းပစ်၍ ထိသည်နှင့် အထိတ်တလန့် ထွက်ပြေးသွားကြသည်။ ဝက်ဝံကြီးများတုန်းကလို အနီးအနား၌ပင် ရစ်သီရစ်သီ မလှုပ်ရဲကြတော့ဘဲ ကန္တာရ၏ လွင်ကြောဘက် ပြေးဆင်းသွားကြသည်။

အန္တရာယ် တစ်စုံတစ်ရာ မရှိတော့ပြီဖြစ်သဖြင့် ငါတို့မိသားစုသည် ဝံပုလွေများ တူးယက်ထားခဲ့ကြသော ရေခဲပြင်ကျင်းချိုင့်ကို တူးယက်ကြည့်ကြသည်။ အံ့သြဖွယ်ဖြစ်ကြရသည်။ ရေခဲအောက်ထဲမှ ပေါ်လာသော အရာဝတ္ထုမှာ ဝက်ဝံအသေကြီးတစ်ကောင်ဖြစ်သည်။ ဤဝက်ဝံကြီး မည်သို့ မည်ပုံသေခဲ့ရသည်ကို ငါတို့မစဉ်းစားတတ်ကြ။ မနေ့က သို့မဟုတ် တစ်နေ့နေ့က ဤဝက်ဝံကြီးနှင့် ဝံပုလွေတို့ တိုက်ခိုက်ခဲ့ကြ၍ သေကျန်ခဲ့ခြင်းလား၊ သေနေသော ဝက်ဝံကြီး၏ ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များက ပြည့်နေသည်။ အထူးသဖြင့် သေလောက်သော ဝမ်းဗိုက်မှဒဏ်ရာသည် ဟောင်းလောင်းပေါက်ဖြစ်နေသည်။ အထဲမှ အသည်းကလီစာများကို လောလောလတ်လတ်စားရန် ငါတို့ကြည့်ကြရာ အစအနပင် မကျန်တော့။ ဤဝက်ဝံကြီး၏ဗိုက်ကို

mgyoe.com

mgyoe.com


မည်သူဖောက်စားသွားသနည်း။

မနေ့က သို့မဟုတ် တစ်နေ့နေ့က ဤဝက်ဝံကြီးအုပ်စုနှင့် စောစောက ဝံပုလွေများ ပထမနေ့တိုက်ပွဲတွင် ဤဝက်ဝံကြီး ကျခဲ့တာလည်း ဖြစ်နိုင်သည်။ ထိုနေ့က သူတို့၏ ခေါင်းဆောင်ဝက်ဝံကြီး ကျကျန်ရစ်သဖြင့် ကျန်ဝက်ဝံကြီးများသည် ဤနေ့၌ မကျေပွဲလာနွဲကြလေသလား။ ဝံပုလွေများသည် ဝက်ဝံကြီးများနှင့်စာလျှင် သစ္စာရှိသူများ မဟုတ်ကြ။ တိုက်ပွဲတိုက်နေချိန်မှာပင် သူဦးငါဦး ဝက်ဝံကြီး၏ ဗိုက်ထဲက အသည်းကလီစာများကို တစ်ကောင်ကောင်က အလစ်ဝင်စားသွားလေသလား၊ သို့ဆိုလျှင်လည်း ကျန်ဝံပုလွေတို့သည် ဝက်ဝံကြီး၏အသားကို အဘယ်ကြောင့် မစားခဲ့ကြသနည်း။ ရေခဲပြင်အောက်ရောက်နေသော ဤဝက်ဝံကြီး၏ အသေမှာ ဝံပုလွေတို့၏ ကောက်ကျစ်တတ်သော သဘာဝအတိုင်း ကျင်းတူးမြှုပ်ထားခဲ့ကြ၍ ယနေ့ ပြန်ဖော်ရန်လာကြရာ ဝက်ဝံကြီးတွေနှင့် ဒုတိယအကြိမ်တိုက်ပွဲကို ဆင်နွှဲခဲ့ကြရသည်လား၊ သစ္စာရှိကြသော ဝက်ဝံကြီးများသည် သူတို့ထုံးစံအတိုင်း သူတို့ခေါင်းဆောင်ကို လာရှာရင်း ဤနေ့ဤနေရာ၌ တိုက်ပွဲတစ်ခါထပ်ဖြစ်ကြသည်လား။

ငါတို့မိသားစုသည် ဗိုက်ကြီးဟောင်းလောင်းပေါက်နေသော ဝက်ဝံအသေကောင်ကြီးကို မိမိတို့ကျောက်ဂူသို့ သယ်ယူရန် စိုင်းပြင်းကြရင်း ထင်ကြေးအမျိုးမျိုးကို ပြောဆိုလျက် ရှိကြသည်။ ထိုအချိန်၌ပင် ထူးခြားသော အသံကြီးတစ်ခုကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။ အသံလာရာသည် ကျောက်တောင်ကျောက်ဆောင်များဘက်က မဟုတ်။ ဝေသီမြင့်ခေါင်သော ရေခဲတောင်မြင့်တန်းဆီက ဖြစ်သည်။ အသံကြီးမှာ ငါတို့မိသားစု တစ်ခါမျှ မကြားဖူးသော အသံမျိုး။ သူ့အသံသည် ကျောက်ဆောင်ကျောက်တောင်များကိုပင် ရိုက်ဟည်းပဲ့တင်မြည်လာရာ ရုတ်တရက်မှု မည်သည့်နေရာက အသံဟုပင် မခန့်မှန်းတတ်ကြ။ ထို့ကြောင့်လည်း ငါတို့မိသားစုသည် အရပ်ရှစ်မျက်နှာကို လှည့်ပတ်၍ ကြည့်နေကြရသည်။

မကြာပါချေ။ ရှူး ... ဟူး ... ဟူး ... မြည်သံကြီးနှင့်အတူ တွားသွားသတ္တဝါကြီးတစ်ကောင်သည် လှိုင်းလုံးလှိုင်းတန်းပမာ နိမ့်ချည်မြင့်ချည် ဖြစ်နေသော ရေခဲပြင်လှိုင်းလုံးများပေါ်က ပေါ်လာသည်။ ငါတို့မိသားစုသည်

mgyoe.com

mgyoe.com

ရန်သူဟူသော အသိစိတ်ကြောင့် ကျောက်လက်နက်များကို ကိုယ်စီကိုယ်င မြဲမြဲကျစ်ကျစ်ဆုပ်ကိုင်လိုက်ကြသည်။ ထိုတွားသွားသတ္တဝါကြီးသည် ငါတို့ ကို မြင်သွား၍လား မသိ ခေါင်းထောင်မျှော်ကြည့်လိုက်သည်။ ၎င်းတစ်ကိုယ် လုံးရှိ မွေးနှမွေးကြမ်းအားလုံး ထောင်ထသွားသည်။ ထိုတွားသွားသတ္တဝါ ကြီး၏ လည်တိုင်မှာ တစ်နေ့ကမှ ငါတို့သတ်ဖြတ်ခဲ့ကြသော လင်းဆွဲကြီး၏ လည်ပင်းထက်ပင် ရှည်လျားသည်။

ထိုတွားသွားသတ္တဝါကြီး၏ ကိုယ်ခန္ဓာကြီးကို မြင်လိုက်ကြရချိန်မှာ ငါတို့မိသားစုသည် ဝက်ဝံအသေကြီးကိုပင် တဒင်္ဂမေ့သွားကြသည်။ တွား သွားသတ္တဝါကြီး၏ ကိုယ်လုံးမှာ ကျောက်ဆောင်ကျောက်တန်းပမာ ရှိလှ သည်။ မညီညာသော ကျောရိုးမှ ဆူးတောင်များသည် ကျောရိုးတစ်လျှောက် ၌ ပြည့်နေသည်။ ငါတို့မိသားစုကိုမြင်၍လားမသိ တွားသွားသတ္တဝါကြီး သည် တရှူး ... တရှူး ... ရန်မူသံပေးကာ ငါတို့မိသားစုရှိရာသို့ ဦးတည် ပြေးလိုက်လာသည်။ သို့သော် စောစောက ဝံပုလွေများ၊ ဝက်ဝံကြီးများနှင့် စာလျှင် သူ၏ ပြေးလိုက်လာမှုမှာ နှေးကွေးလွန်းလှသည်။ ကျောက်ဆောင် ကျောက်တန်းများကို ရေခဲဖုံးထားသဖြင့် လှိုင်းလုံးပမာ ဖြစ်နေရာ ရေခဲပြင် ပေါ်၌ သူ၏ မာန်ဖီပြေးလိုက်လာမှုမှာ နှေးကွေးလှသည်။ ခေါင်းထောင် ကြည့်လိုက်၊ ခေါင်းငုံ့သွားလိုက်နှင့် တွားသွားလိုက်လာနေသည်။

ထို့ကြောင့်လည်း ငါတို့မိသားစုသည် ကမန်းကတန်း ဝက်ဝံအသေ ကောင်ကို ရေခဲပြင်ပေါ် တရွတ်တိုက်ဆွဲကာ လိုက်လာနေသော တွားသွား သတ္တဝါကြီးရှေ့က ပြေးလာကြရသည်။ ငါတို့တွင် ကျောက်လက်နက်ကိုယ် စီ ပါကြသော်လည်း ဤတွားသွားသတ္တဝါကြီးအား မည်သို့မျှ မကာကွယ် နိုင်ကြောင်း အဖက အရင်ဆုံးဖြတ်၍ ပြေးလာခဲ့ကြရခြင်းဖြစ်၏။ နှေးကွေး သော တွားသွားသတ္တဝါကြီးသည် ငါတို့မိသားစုအား ဘယ်လိုပြေးလိုက် လာလာ ဘယ်လိုမှ မီလာနိုင်စရာအကြောင်း မရှိပေ။

ငါတို့မိသားစုသည် ဝက်ဝံကြီးကို တရွတ်တိုက်ဆွဲ၍ ပြေးလိုက်၊ နောက် သို့ ပြန်ကြည့်လိုက်နှင့် ပြေးလာကြရာ မိမိတို့၏ကျောက်ဂူကို မရောက်မီက ပင် တွားသွားသတ္တဝါကြီး အရိပ်အယောင် ပျောက်ကျန်နေခဲ့သည်။ ဤနေ့၌ ငါတို့ ရင်မဆိုင်ဝံ့ဘဲ ပြေးလာခဲ့ကြရသော်လည်း ဤရေခဲပြင်ပေါ်တွင် ကျက်

mgyoe.com

mgyoe.com


စားတတ်သော ဤသတ္တဝါကြီးနှင့် တစ်နေ့နေ့တွင် ဝံပုလွေများကို တိုက်ခိုက်ရသလို ဤသတ္တဝါကြီးကို တိုက်ခိုက်ကြရလိမ့်မည်ဟု အဖကပြောသည်။ ဤသတ္တဝါကြီးမှာ ဝက်ဝံကြီးများထက်ပင် ကိုယ်လုံးကိုယ်ထည်ကြီးသဖြင့် ရန်သူတော်နံပါတ်တစ်အဖြစ် သိထားရမည်ဖြစ်ကြောင်း အဖ,က ပြောသည်။

ဤရေခဲပြင်ကြီးပေါ်၌ ကျင်လည်ကျက်စားတတ်ကြသော ငါတို့မိသားစုနှင့် ဤတွားသွားသတ္တဝါကြီးသည် တစ်နေ့မဟုတ်တစ်နေ့ ငါတို့နှင့် မုချတွေ့ကြရလိမ့်ဦးမည်ဟု အဘွားကလည်း နိမိတ်ဖတ်သည်။ မည်သို့ဖြစ်စေ ငါတို့သည် ဝံပုလွေများဆီက လုယူလာသော ဝက်ဝံသားကို ကိုက်ဖဲ့အဝစားပြီး ဗိုက်လေးလေးနှင့် ဂူထဲတွင် အိပ်ပျော်နေကြ၏။

❇ ❇ ❇

အေးခဲကန္တာရကြီးတွင် အလင်းပျောက်သွားသည်နှင့် အအေးက ပိုလာသလို အမှောင်ထုကလည်း ချက်ချင်းကျရောက်လာသည်။ အမှောင်ထုမလာမီကပင် ဝက်ဝံသားနှင့် ဗိုက်ဖြည့်ထားကြသော ငါတို့မိသားစုမှာ တခေါခေါ ဟောက်သံနှင့်အတူ အိပ်မောကျနေကြလေပြီ။

အချိန်ကာလ သတ်မှတ်ချက်မရှိသော အမှောင်ထုထဲမှာ အဘွား၏ အထိတ်တလန့် ချောက်ချောက်ချားချား အော်လိုက်သံကြောင့် အားလုံးလန့်နိုးသွားကြသည်။ 'ဟေ …' ဟု အဖ၏ ပါးစပ်က အာမေဍိတ်သံသည် ပို၍ပင် ကျယ်လောင်လှသည်။ ဂူဝကို အကြည့်အားလုံး ရောက်သွားကြရာ အမှောင်ထဲမှာ လက်သီးဆုပ်လောက်ရှိသော နီနီရဲရဲ မျက်လုံးကြီးနှစ်လုံးကို လှမ်းမြင်လိုက်ကြရသည်။ ဝရန်းသုန်းကားနှင့် ကျောက်လက်နက်များကို ကိုယ်စီကိုယ်င စမ်းဆွဲဆုပ်ကိုင်လိုက်ကြချိန်မှာ ညီလေးနှင့် ညီမလေးတို့၏ အော်ငိုသံက ဂူတစ်ခုလုံး ညံစီသွားသည်။

ဝံပုလွေတစ်ကောင်ကောင်၊ ဝက်ဝံကြီးတစ်ကောင်ကောင်သည် ငါတို့အား ကိုက်သတ်စားရန် အငြိုးနှင့် ဝင်လာနေသည်ဟု ငါထင်လိုက်သည်။ အဘွား၏ မပီမသ အော်သံမဆုံးမီပင် အဖခုန်ထလိုက်သည်။ ရဲရဲနီနေသော မျက်လုံးကြီးနှစ်လုံးသည် ငါတို့နှင့် ပိုနီးလာသည်။ အမိ အဖနှင့် ငါတို့သုံး

mgyoe.com

mgyoe.com


ယောက်သည် ရှေ့ကို ချက်ချင်းရောက်သွားကြသည်။ အမှောင်ထဲ မြင်နေရသော မျက်လုံးကြီးနှစ်လုံးနှင့် ဂူဝနံရံများကို ကုတ်ခြစ်နေသံကိုလည်း ချောက်ချားဖွယ်ရာ ကြားနေရသည်။

ညီလေး ညီမလေးနှင့် အဘွား၏အော်သံ၊ ပြောနေသံ၊ ငိုသံတို့ကြောင့် အမိနှင့် အဖတို့၏အသံကို ပီပီသသ မသဲကွဲ။ ထိုအချိန်မှာပင် အမိနှင့်အဖဆီက ကျောက်လက်နက်နှစ်ခုသည် အရှိန်ပြင်းစွာ မြည်သံနှင့်အတူ နီနီရဲရဲ မျက်လုံးကြီးနှစ်လုံးရှိရာသို့ ပြေးထွက်သွား၏။ ဝံပုလွေကြီးလား၊ ဝက်ဝံကြီးလားမသိ။ အော်လိုက်သံကြီးသည် ဂူထဲ၌ဩောင်ဘင်ခတ်သွားသည်။ အဖနည်းတူ ငါတို့ပစ်ထည့်လိုက်ကြသော ကျောက်လက်နက်သုံးခု၏ ထိသံမှာလည်း လှိုင်သံကြီးဟည်းထွက်သွားသည်။

ဂူဝက မျက်လုံးနှစ်လုံးသည် ချက်ချင်းပျောက်သွားပြီး ဝမ်းခေါင်းသံကြီးနှင့် တွားသွားဆုတ်ပြေးသွားသံကို ကြားနေရသည်။ ညီလေးနှင့် ညီမလေး၏ အော်ငိုနေကြသံကလည်း တိခနဲ ရပ်သွားကာ မပီမသ အသံတီးတိုးကိုသာ ကြားနေရသည်။ ဤသည်မှာ အဘွားက ညီလေး ညီမလေးတို့၏ ပါးစပ်ကို ကမန်းကတန်း လှမ်းပိတ်လိုက်ပုံရ၏။ အမှောင်ထဲ၌ ရန်သူသည် အသံရှိရာ ကြားရာကို ခုန်အုပ်ကိုက်ခဲတတ်သော သဘောကို အဘွားသည် အမှောင်ထဲတိုက်ပွဲပေါင်းများစွာကို တိုက်ခိုက်ဖူးသူဖြစ်သဖြင့် သိနားလည်နေသည်။ ထို့ကြောင့် လန့်ငိုလိုက်သော ညီလေးနှင့် ညီမလေးတို့၏ ပါးစပ်ကို အသံတိတ် ပိတ်ပစ်လိုက်ခြင်းဖြစ်သည်။

ဂူဝနားကို ရောက်နေကြသော အမိ အဖနှင့် ငါတို့ညီအစ်ကိုတို့မှာ တစ်ယောက်ကိုတစ်ယောက် မမြင်ကြရသော်လည်း အသက်ရှူသံတို့က အနီးအနားတွင် ရှိနေကြသည်ကို သိနေကြသည်။ တစ်ယောက်နှင့်တစ်ယောက် လုံးဝ စကားမပြောကြဘဲ ရန်သူအသံကိုသာ အလေ့အထတစ်ခုလို နားစွင့်ထားကြသည်။ ဂူထဲက ငါတို့အား အလစ်ဝင်၍ ကိုက်ချီသတ်စားရန် လာသော ရန်သူသည် မျက်လုံးနှစ်ဖက်ကို ကျောက်လက်နက်နှင့် အပစ်ခံရသဖြင့် အော်ဟစ်ညည်းညူကာ ထွက်ပြေးသွားလေပြီ။ သို့သော် ရန်သူ၏ ညည်းညူ အော်ဟစ်သွားသံကိုမူ ကြားနေရဆဲ။

အမိနှင့်အဖတို့သည် ဂူဝသို့စမ်းထွက်သွားကြပြီး ကျောက်လက်နက်ကို

mgyoe.com

mgyoe.com


စမ်းကောက်သွားယူလိုက်ကြသည်။ အမိအဖနည်းတူ ငါတို့ပိုင်ဆိုင်ထားသော အားကိုးစရာ ကျောက်လက်နက်ကို ငါတို့လည်း ဂူဝတွင် စမ်းရှာကောက်ယူလိုက်ကြသည်။ အော်ညည်းပြန်ပြေးသွားသော ရန်သူတိရစ္ဆာန်ကြီး၏ အသံမှာ ဝေးပြီးပျောက်သွားသော်လည်း ငါတို့ကား လက်ထဲကိုင်ထားသော ကျောက်လက်နက်ကို ဆုပ်ကိုင်ထားကြတုန်း။ ရန်သူသည် အစုအဖွဲ့ အပေါင်းအသင်းများစွာကိုခေါ်၍ တစ်ဖန်လာဦးမည်လားဟု စိုးထိတ်နေကြသည်။

ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး စကားမပြောရဲကြသေး။ နားစွင့်၍သာ ဂူဝ၌ရပ်စောင့်နေကြသည်။ အချိန်မည်မျှ ကြာသွားသည်မသိ အလင်းရောင်သည် ဂူဝသို့ရောက်လာသည်။ တစ်ယောက်ကိုတစ်ယောက် ဝိုးတိုးဝါးတား မြင်လာရသည်။ ထိုအခါ ငါတို့က အမိအဖတို့ကို မေးကြသည်။ ရန်သူသည် ဝံပုလွေလား၊ ဝက်ဝံကြီးတွေလား။ အမိအဖတို့ကလည်း မသိဟု ပြော၏။

အလင်းရောင် ပီပီပြင်ပြင်ရောက်လာတော့မှ ဂူအပြင်ဘက်ကို ထွက်ကြည့်ရဲကြသည်။ အမိအဖတို့၏ ကျောက်လက်နက်ထိမှန်ခြင်းကို ခံလိုက်ရသော ရန်သူတိရစ္ဆာန်ကြီး၏ သွေးကွက်ကြီးများကို တွေ့ရသည်။ ပြီးတော့ ဂူဝ ကျဉ်းကျဉ်းလေးကို အကြိမ်ကြိမ်တိုးတိုက်ပြီး ဂူထဲဝင်ရန် ကြိုးစားခဲ့သော ရန်သူ၏ကိုယ်မှ အကြေးခွံကြီးတွေ ကွာကျန်ခဲ့သည်ကို မြင်ကြရသည်။ ထိုအခါမှ ရန်သူ၏အခြေအနေကို ခန့်မှန်းမိကြသည်။

ကိုယ်လုံးကြီးမားသော ရန်သူသည် ဂူထဲ သူ့ကိုယ်လုံးကြီးကို သွင်းမရသဖြင့် လည်ပင်းရှည်ကြီးကို အားကုန်ဆန့်ထုတ်ကာ ဂူထဲက ငါတို့ကို ကိုက်ချီစားသောက်ရန် ကြံစည်ခဲ့သည်။ ကိုယ်လုံးကြီးခံနေသော ရန်သူသည် ဂူထဲကို လည်ပင်းဆန့်ထုတ်ပြီး ကြိုးစားခဲ့သော်လည်း မမိခဲ့သဖြင့်သာ တော်သေး၏။ အကယ်၍ သူ့လည်ပင်းရှည်ကြီးနှင့် ဂူထဲကို ဝင်မွှေခွင့်ရလျှင် ငါတို့တစ်ယောက်ယောက်သည် ယခုလောက်ဆိုလျှင် ရန်သူအစာ ဖြစ်သွားလေပြီ။

အတွေ့အကြုံများသော အဘွားက ရန်သူသည် ငါတို့မနေ့က ယူလာခဲ့ကြသော ဝက်ဝံကြီး၏ပိုင်ရှင်ဟု ပြောသည်။ သူသည် ရေခဲပြင်ထဲ ကျင်းတူး

mgyoe.com

mgyoe.com


ဝှက်ထားခဲ့သော ဝက်ဝံကြီးကိုရယူရန် အနံ့ခံ၍ လိုက်လာသည်။ သို့မဟုတ် ငါတို့ဆွဲယူလာသော စွတ်ကြောင်းခြေရာကို နင်း၍လိုက်လာသည်။ သူရေခဲပြင်ထဲ မြှုပ်ထားခဲ့သော ဝက်ဝံသေကြီးကို နင်တို့ ဘယ်လိုသိ၍ ဖော်ယူခဲ့ကြသနည်းဟု အဘွားကမေးသည်။ အဖက ငါတို့မသိ။ ဝံပုလွေကြီးတွေ တူးယက်နေကြသည်ကိုမြင်သဖြင့် တူးယူခဲ့ကြခြင်းသာဟု အဘွားကို ပြန်ပြောပြသည်။ သားကောင်လိုက်ရာသို့ မပါနိုင်သော်လည်း အဘွားသည် ငယ်စဉ်က သူ့အတွေ့အကြုံများကို ငါတို့အား သားကောင်ရလာတိုင်း ပြောပြတတ်သည်။

ထိုလည်ပင်းရှည်တိရစ္ဆာန်ကြီး အူဖောက်စား၍ မြှုပ်ထားခဲ့သော ဝက်ဝံကြီးကို ဝံပုလွေများလည်း အနံ့မရနိုင်။ ဝက်ဝံအုပ်ကြီးကို ထိုတိရစ္ဆာန်ကြီး ဖမ်းသတ်ကိုက်ခဲစဉ်က ဉာဏ်နီဉာဏ်နက်များသော ဝံပုလွေများသည် အစကသော် ယာလည်းညက်စေ၊ ကြက်လည်းမောစေသဘောနှင့် တစ်နေရာရာက သူတို့ချောင်းကြည့်နေကြလိမ့်မည်။ တိုက်ပွဲတွင် ဝက်ဝံအုပ်ကရှုံးနိမ့်ပြီး အကြီးအကဲကျဆုံးသွားကာ ဝက်ဝံများ ထွက်ပြေးသွားကြရလိမ့်မည်။ ထိုအခါ လည်ပင်းရှည်တိရစ္ဆာန်ကြီးသည် ဝက်ဝံကြီး၏ ကလီစာများကို ကိုက်ဖောက်စားပြီး ကိုယ်လုံးကြီးကို ရေခဲပြင်ထဲ မြှုပ်ဝှက်ထားခဲ့ပေလိမ့်မည်။

ဤအခြင်းအရာအားလုံးကို မြင်ထားသော ဝံပုလွေများသည် ပိုင်ရှင်တစ်ဖန် ပြန်မရောက်မီ ဝက်ဝံသားကို စားရန်ဖော်နေကြစဉ် ငါတို့နှင့် တွေ့ကြခြင်း ဖြစ်သည်။ အတွေ့အကြုံအရ အဘွားခန့်မှန်းချက်က အမှန်ပင်ဖြစ်မည်။ မိုးလင်း၍ ငါတို့ ဂူဝထွက်ကြည့်ကြသောအခါ ထိုလည်ပင်းရှည်တိရစ္ဆာန်ကြီးသည် အနံ့ခံ၍ သို့မဟုတ် စွပ်ကြောင်းကြီးအတိုင်း ခြေရာခံ၍ လိုက်လာသည်မှာ ထင်ရှားနေသည်။ ယခု သွေးရူးသွေးတန်းနှင့် ပြန်ပြေးသွားသော တိရစ္ဆာန်ကြီး၏ခြေရာ၊ ကန်ရာ၊ ကုတ်တက်တွားသွားရာတို့မှာ မူလစွတ်ကြောင်းနှင့် ဗျည်းပြိုင်ဖြစ်လိုက်၊ ဒယိမ်းဒယိုင်နှင့် မူလစွပ်ကြောင်းကြီးပေါ် ထပ်ကျလိုက်၊ ဘေးချော်သွားလိုက်၊ ပြန်ထပ်ကျလိုက် ဖြစ်နေသည်ကို တွေ့ရသည်။

အမိအဖတို့ တစ်ပြိုင်တည်းပစ်လိုက်ကြသော ကျောက်လက်နက်နှစ်ခုသည် တိရစ္ဆာန်ကြီး၏ မျက်လုံးနှစ်လုံးကို ထိသွားပုံမရ။ တစ်လုံးလုံးကို

mgyoe.com

mgyoe.com


သာ ထိပုံရသည်။ ထို့ကြောင့်လည်း ကန္တာရလည်ရှည်သတ္တဝါကြီးသည် သူ့လာလမ်းကို ခန့်မှန်း ပြန်ပြေးသွားနိုင်ခြင်း ဖြစ်မည်။ မည်သို့ဖြစ်ဖြစ် အဖက ဤတိရစ္ဆာန်ကြီး တစ်နေရာရာမှာ သေလိမ့်မည်ဟု အခိုင်အမာ ပြောဆိုနေသည်။ အဘွားကမူ မသေနိုင်ဟုဆိုသည်။ နောင်တွင် ထိုသတ္တဝါကြီးကို ရေခဲပြင်ပေါ်၌တွေ့လျှင် ဝေးဝေးကရှောင်ရန်လည်း အဘွားက သတိပေးသည်။

ရေခဲပြင်ကန္တာရထဲတွင် ဤသတ္တဝါကြီးကား ကြောက်စရာအကောင်းဆုံး အန္တရာယ်ကောင်ကြီးဖြစ်သည်ကို ငါတို့သည် တစ်သက်မမေ့နိုင်ဖွယ် ရှိတော့

❄❄❄

ဝံပုလွေကြီးများနှင့် တိုက်ခိုက်၍ အောင်ပွဲရသွားကြသော ဝက်ဝံကြီးများသည် ကန္တာရရေခဲပြင်ထဲ အတင့်ရဲလွန်းနေကြသည်။ ရေခဲပြင်ပေါ်တွင် ငါတို့ကို မြင်သည်နှင့် အတင်းဝိုင်းလိုက်ကြသည်။ အကောင်များသော သူတို့အုပ်ကို ရေခဲပြင်ပေါ်မှာ ငါတို့ ရင်ဆိုင် မတိုက်ခိုက်ရဲကြ။ လက်ထဲတွင် ကျောက်လက်နက်ကိုယ်စီပါကြသော်လည်း ငါတို့ထက် သုံးလေးဆကြီးသော ဝက်ဝံကြီးများသည် ငါတို့ကို လုံးဝမမှု၊ မြင်သည်နှင့် ပြေးလိုက်လာကြသည်။

ငါတို့အား ကိုက်သတ်စားရန် ကိုယ်လုံးကြီးတွေကို ယိမ်းထိုးပြေးလိုက်လာကြသော ဝက်ဝံကြီးများကို အမိ အဖတို့က တစ်နည်းနည်းနှင့်တော့ ရင်ဆိုင်ကြရတော့မည်ဟု ဆိုသည်။ ထိုအခါ ဝံပုလွေကြီးများကို ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသော အောင်ပွဲရတိုက်ခိုက်မှုကို ငါတို့အားလုံး သတိရသွားကြသည်။ ဝက်ဝံကြီးများ ပြေးလိုက်လာကြသည်နှင့် အဖက ဝက်ဝံကြီးတွေ ရုတ်တရက် ပြေးတက်မလာနိုင်သော ကျောက်ဆောင် ကျောက်တုံးကြီးပေါ် တက်ပြေးကြဟု အော်ပြောသည်။

အဖပြောသလို ငါတို့သည် အနီးဆုံးကျောက်ဆောင်တစ်ခုပေါ်တက်ပြေးလာကြသည်။ အောင်ပွဲအလီလီ ရထားဟန်ရှိသော ဝက်ဝံကြီးများသည် ငါတို့ထင်သလိုပင် ကျောက်ဆောင်ပေါ်တက်လိုက်လာကြသည်။ ငါတို့နှစ်ရပ်နီးပါးမြင့်သော ကျောက်ထရံ မတ်မတ်စောက်စောက်ကိုမူ သူတို့မတက်

mgyoe.com

mgyoe.com


နိုင်ကြ။ ထိုအခါ ရန်ငြိုးကြီးစွာနှင့် ငါတို့ရှိရာသို့ မတ်တတ်ရပ်၍ လက်နှင့် ကုတ်ဆွဲချရန် လက်ကမ်းလာသည်။ ငါတို့က နောက်ဆုတ်မပြေးဘဲ အပေါ် စီးက ကိုယ်ယောင်ပြထားရာ ပို၍ ဒေါသကြီးလာကြကာ အတင်းခုန်တက်ကြ သည်။

ဝက်ဝံကြီးများ ဘယ်လို ခုန်တက်ခုန်တက် သူတို့၏ ကိုယ်လုံးကြီးက ငါတို့ဆီ ဘယ်လိုမှ မရောက်လာနိုင်ဆိုသည်ကို ငါတို့သိသည်။ လက်များ ကမူ ကျောက်စွန်း ကျောက်ချွန်များကို ဆုပ်မိ တွယ်မိလာကြသည်။ ဤ သည်မှာ ငါတို့အခွင့်အရေးဖြစ်သဖြင့် ကျောက်စောင်း ကျောက်ချွန်ပေါ် တွယ်ကုပ်ထားကြသော ဝက်ဝံကြီးများ၏လက်ကို ငါတို့သည် အပေါ်စီးမှ ညက်ညက်ကျေသွားအောင် ကျောက်လက်နက်နှင့် ထိုးထုကြသည်။ ဝက်ဝံ ကြီးတွေ မတ်တတ်ရပ်သည်နှင့် ခေါင်းထိပ်၊ မျက်နှာတို့ကို ထိုးထုရိုက်နှက် ကြသည်။

လက်ကျိုးလက်ကြေ၊ ခေါင်းကွဲ မျက်လုံးပေါက်ဖြစ်သွားကြသော ဝက်ဝံ ကြီးများသည် ထိုနေ့ ထိုအချိန်ကစ၍ ငါတို့မိသားစုမြင်သည်နှင့် ဝေးဝေးက ရှောင်ပြေးကြတော့သည်။ လက်ကျိုး လက်ကြေ၊ ခေါင်းကွဲ မျက်လုံးပေါက် ဖြစ်နေကြသော ဝက်ဝံကြီးများသည် ငါတို့မြင်သည်နှင့် ရှောင်ပြေးကြသည် ကို မြင်သောအခါ အခြားအခြားသော ရေခဲပြင်နေ တိရစ္ဆာန်များမှာကား ဆိုဖွယ်ရာ မရှိတော့ချေ။ သူတို့၏ ဘုရင်ဖြစ်သော ဝက်ဝံဆိုးကြီးများပင် ငါတို့ကိုမြင်သည်နှင့် ထွက်ပြေးကြသည်ကို မြင်နေ တွေ့နေရသောအခါ ရေခဲပြင်ပေါ်မှာ ငါတို့မိသားစုအား မည်သည့်တိရစ္ဆာန်ကမှ ရင်မဆိုင်ရဲကြ တော့ပေ။ ငါတို့သည် ဤကန္တာရရေခဲပြင်ပေါ်၊ ရေခဲဦးပေါင်းဆောင်းတောင် များ၊ ချိုင့်ဝှမ်းများ၊ ကျောက်တုံးကျောက်ဆောင်များကို ငါတို့မိသားစု အစိုးရ သွားတော့သည်။

ထိုသို့ အစိုးရလာခြင်းကြောင့်လည်း ငါတို့မှာ ယှဉ်ပြိုင်တိုက်ခိုက်ကြရ မည့် သူမရှိ ဖြစ်လာကြသည်။ ထိုသို့ ယှဉ်ပြိုင်တိုက်ခိုက်မည့်သူ မရှိသော အခါ ငါတို့မှာ အစာငတ်လာကြရသည်။ ယခင်က အနိုင်တိုက်ခိုက်ရ၊ အသက်လု၍ သူသေကိုယ်သေ တိုက်ရတိုက်ရ အစာအာဟာရအတွက်မူ ဤမျှ မခဲယဉ်းကြ။ ယခုမူ ပြိုင်ဆိုင်၍ တိုက်ခိုက်ကြရမည့်သူများ ငါတို့

mgyoe.com

mgyoe.com


မိသားစုကို ရှောင်ဖယ်ပြေးသွားကြသောအခါ ရေခဲပြင်ကန္တာရပေါ်မှာ ဘာကောင်မျှမရှိ ဖြစ်သွားတော့သည်။

ထိုအခါ မိမိတို့၏ ဘူမိနက်သန်ဖြစ်သော ကျောက်ဂူကြီးနှင့် ဝေးဝေးလံလံကိုသွား၍ သားကောင်ရှာကြရတော့သည်။ အစာအတွက် သားကောင်မရသော နေ့များတွင် အမှောင်ထုက ကြီးစိုးဝါးမျိုလာသော်လည်း မိမိတို့ဂူသို့ပြန်ရန် သတိမရနိုင်ကြ။ ဝမ်းဗိုက်၏ ဆာလောင်မွတ်သိပ်မှုကြောင့် သားကောင်ရရေးသာ အရေးကြီးသဖြင့် အမှောင်ထဲ၌ပင် သားကောင်ရှာကြရသည်။

အမှောင်ကြီးစိုးသော ကာလ၌ပင် မိမိတို့၏ ကျောက်ဂူသို့ မပြန်နိုင်ကြဘဲ အမှောင်ထဲတွင် အစာရှာထွက်လေ့ရှိသော တွားသွားသတ္တဝါများ၏ အသံဗလံကို နားစွင့်ကြရသည်။ တွားသွားသတ္တဝါတို့၏ ခြေသံနှင့် မျက်လုံးကို သတိထားကြည့်ကြသည်။ အမှောင်ထဲတွင် တွားသွားတိရစ္ဆာန်တို့၏ ကိုယ်ခန္ဓာကို မမြင်ရ၊ ခြေသံနှင့် မျက်လုံးတို့ကိုသာ အဓိကထား၍ ရှာကြရ၏။

တစ်ညတွင်·တွားသွားသတ္တဝါကြီး၏ မျက်လုံးနှင့် ခြေသံကို ကြားရမြင်ရသဖြင့် ငါတို့မိသားစုသည် ကျောက်တုံးကျောက်ခဲပမာ စုရပ်၍ မလှုပ်မယှက် စောင့်နေကြ၏။ အနားကို တွားသွားသတ္တဝါရောက်လာသည်နှင့် ဝိုင်းထိုး ရိုက်သတ်ကြသည်။ တွားသွားသတ္တဝါကြီးမှာ အငိုက်မိခံရသော်လည်း သူ၏ အမြီးရိုက်ချက်ကြောင့် အလဲလဲအပြိုပြိုဖြစ်ကြရသည်။ သို့သော် ဆာလောင်မွတ်သိပ်မှုကြောင့် ငါတို့သည် ထိုသတ္တဝါကြီးကို လုံးထွေးသတ်ပုတ် ထိုးထုရိုက်နှက်ကြသည်။

ရေခဲတောင်ကန္တာရ၌ ကြီးပြင်းလာခဲ့သော ထိုတွားသွားသတ္တဝါကြီးကား အသက်ပြင်းလှသည်။ ဝံပုလွေများ၊ ဝက်ဝံကြီးများလို တော်တော်နှင့် မသေနိုင်။ အမှောင်ထဲ၌ ကျက်စားတတ်သော ထိုသတ္တဝါကြီးသည် လက်သည်းခြေချောင်းများနှင့် ကုတ်ခြစ်၍လည်းကောင်း၊ အမြီးနှင့် ရိုက်၍လည်းကောင်း၊ ပါးစပ်နှင့် မီးရာတွေ့ရာကို ကုတ်ခြစ်ကိုက်ခဲ၍ ခုခံကာကွယ်သည်။ ငါတို့အားလုံးမှာ သတ္တဝါကြီး၏ ကုတ်ခြစ်ကိုက်ခဲမှုကြောင့် ဒဏ်ရာကိုယ်စီရကြသည်။ နောက်ဆုံးတွင် အမှောင်ထဲ၌ ထိုးမလွဲ၊ ထုမလွဲသော မျက်လုံးနှစ်

mgyoe.com

mgyoe.com


လုံးနှင့် ခေါင်းကို ဝိုင်းရိုက်ထုသတ်ကြတော့မှ ငြိမ်ကျသွား၏။ သို့သော် အမြီးကမူ ယမ်းရိုက်တုန်း။

အမှောင်ထဲတွင် သူ၏အမြီးကို မမြင်ရသော်လည်း အမြီးလှုပ်ယမ်းနေသံကို မှန်း၍ ဝင်ဖက်တက်နင်းဖိထားလိုက်မှ ငြိမ်ကျသွားသည်။ ထိုတိရစ္ဆာန်ကြီးနှင့် သတ်ပုတ်ကြရသည်မှာ အချိန်မည်မျှကြာသွားသည်မသိ။ အလင်းရောက်လာမှ ထိုသတ္တဝါကြီး၏ ကိုယ်ခန္ဓာကြီးကို ရှင်းရှင်းလင်းလင်းမြင်ကြရသည်။ အထူးသဖြင့် သူ၏ အမြီးမှာ သူ၏ကိုယ်ထက်ပင် ရှည်လျားသည်။ သတ္တဝါကြီးမှာ ငါတို့ထက် ကြီးပြီးရှည်လျားသည်။ အလင်းရပြီဖြစ်သဖြင့် ထိုသတ္တဝါကြီး၏ဗိုက်ကို ဖောက်ကာ ဝမ်းတွင်းရှိ အူသိမ် အူမမကျန် ဆာဆာနှင့် ဆွဲနုတ်ကုတ်ဖဲ့၍ ထိုနေရာ၌ပင် စားပစ်လိုက်ကြသည်။ စားသောက်ပြီး၍ အမောပြေကြတော့မှ ထိုသတ္တဝါကြီးကို မိမိတို့ကျောက်ဂူရှိရာသို့ အမြီးက ကိုင်ဆွဲကာ ယူလာကြသည်။ အလင်းပျောက်ခါနီးမှ မိမိတို့ကျောက်ဂူရှိရာသို့ ရောက်လာကြသည်။ ငါတို့ရလာသော သတ္တဝါကြီး၏ အသားကို အဘွားနှင့် ညီလေး ညီမလေးတို့လည်း အငမ်းမရ ကိုက်ဖဲ့စားကြသည်။

ညအမှောင်ထဲက ရရှိလာကြသော ဤသတ္တဝါကို ကိုက်ဖဲ့စားကာ ငါတို့သုံးလေးရက် နားနေကြသည်။ အားပြည့်လန်းဆန်း၍ ဂူဝသို့ အလင်းကျလာသောအခါ သားကောင်ရှာထွက်ရန် စိုင်းပြင်းကြရပြန်သည်။ ထိုစဉ်အံ့သြထိတ်လန့်ဖွယ်ရာကောင်းသော ဖြစ်စဉ်တစ်ခုသည် အလိုလိုပေါ်လာသည်။

မကြားဖူးသော အသံကြီးများကို ကြားလိုက်ရသဖြင့် သားကောင်ရှာရန် သွားမည်လုပ်နေကြသော ငါတို့၏ ခြေလှမ်းအားလုံး တုံ့ဆိုင်းသွားကြသည်။ ရေခဲပြင်ပေါ်၌ ရှိရှိသမျှ အရာဝတ္ထုများအားလုံး ကျွမ်းထိုးမှောက်ခုန်ဖြစ်ကုန်ကြပလား ထင်လိုက်ကြရသည်။ ဂူဝတွင် မတ်တတ်ရပ်နေကြသော ငါတို့သည် ယိမ်းယိုင်လှုပ်ရှားသွားကြပြီး ဂူဝရှိ ကျောက်နံရံကို ဝင်တိုက်မိကြသည်။ အဘွားနှင့် ညီလေး ညီမလေးတို့သည် အော်ဟစ်လန့်ဖျပ်၍ ဂူဝသို့ ပြေးထွက်လာကြသည်။

သို့သော် ခြေလှမ်း လေးငါးလှမ်း မပြည့်မီ ဂူထဲ၌ပင် အလဲလဲအပြိုပြို

mgyoe.com

mgyoe.com

ဖြစ်သွားကြသည်။ ငါတို့လည်း ဂူဝတွင် တစ်ယောက်မှ မတ်တတ်ရပ်မရ ဖြစ်သွားကြသည်။ အားလုံး ရေခဲပြင်နှင်းပွထဲလဲကျကြသည်။ အသံကြီး တစ်ချက် ဟည်းမြည်လိုက်တိုင်း ငါတို့အောက်ရှိ နှင်းခဲပြင်ကြီးသည် တုန် လှုပ်ယမ်းခါနေသည်။ မတ်တတ်ရပ်မရသည့်ကြားထဲက အဘွားကို အဖက မေးသည်။ ဤလိုအသံမျိုး၊ ဤလိုအဖြစ်မျိုးကို အမိကြားဖူးသလား၊ ကြုံဖူး သလား။

အဘွားက မကြားဖူး၊ မကြုံဖူးဟုဆိုသည်။ ထိုအချိန်မှာပင် နှင်းလွင်ပြင် ထဲရှိ ကျောက်တောင်ကျောက်တန်းများပင် ကွဲအက်သွားပလား ထင်လိုက်ရ သော အသံကြီးကို ကြားလိုက်ကြရပြန်သည်။ ရေခဲပြင်ကြီးသည် တုန်ခါနေ သည်။ ဤအတိုင်းဆိုလျှင် ရေခဲပြင်ကြီးသည်ပင် အောက်ကို နိမ့်ဆင်းသွား သလို ခံစားမိကြသည်။ အလင်းသည်လည်း ခါတိုင်းထက် ပိုလင်းလာ သည်။ မည်သူမှ မတ်တတ်ရပ်နေ၍ မရ။ ဝံပုလွေကြီးများ၊ ဝက်ဝံကြီးများ လို လေးဖက်ကုန်း နေနေကြရသည်။ လေးဖက်ကုန်းနေကြလျက်နှင့် ရေခဲ ပြင်ကြီးက ယိမ်းထိုး လှုပ်ခါလာပြန်သည်။

အဘွားက ထိတ်တလန့်လန့် မပီမသနှင့် ယခုလိုဖြစ်လာရခြင်းသည် ညအမှောင်ထဲက ငါတို့ ဖမ်းသတ်ယူလာခဲ့ကြသော သတ္တဝါကြီးနှင့်များ ဆက်စပ်ဖြစ်ပေါ်လာလေသလားဟု တုန်တုန်ယင်ယင်နှင့် ဆိုသည်။ တန်ခိုး အစွမ်းထက်သော ထိုသတ္တဝါ၏သေခြင်းသည် ယခုကြားနေ၊ ဖြစ်ပေါ်တုန်ခါ နေသော နှင်းဖုံးကန္တာရကြီးနှင့်ပါ ဆက်စပ်နေသလားဟု အကြောက်လွန် ကာ ကယောင်ကတမ်းဖြစ်နေသည်။ ငါတို့စားထား၍ အရိုးအရင်းသာကျန် သော သတ္တဝါကြီးသည် ပြန်လည်၍များ အသက်ဝင်လှုပ်ရှားလာသလား ဟု အဘွားပြောစကားကြောင့် အမိက ထိတ်ထိတ်ပျာပျာ ဂူထဲရှိ သတ္တဝါကြီး ၏ အရိုးအရေများကို လှမ်းကြည့်နေပြန်သည်။ ဖြစ်စဉ်ကြီးသည် ကြောက် ဖွယ်ကောင်းလှ၏။ အသံကြားရာဘက်သို့ ငါတို့လှည့်ကြည့်မိကြရာ နှင်း ဆောင်းတောင်တန်းတောင်မြင့်ဆီက နှင်းဖတ်နှင်းလွှာတို့သည် အလွှားလွှား အလွှာလွှာကွာကျနေသည်။ နှင်းလွင်ပြင်ကြီးတစ်ခုလုံး တုန်ခါကာ အောက် ထဲကလည်း ဆူညံနေသော အသံများကို ကြားနေရသည်။ ရေခဲပြင်ကို နားနှင့်ကပ်၍ နားထောင်ကြည့်ကြသည်။ နက်ရှိုင်းသော ရေခဲပြင်အောက်က

mgyoe.com

mgyoe.com

ဆူညံနေသော အသံများကို အဆက်မပြတ် ကြားနေရသည်။

ဤကန္တာရထဲ၌ တစ်ကြိမ်တစ်ခါမျှ မကြုံဖူး မကြားဖူးသော ဖြစ်စဉ်ကြောင့် ငါတို့ အကြောက်ကြီး ကြောက်နေကြသည်။ ထိုစဉ် ပို၍ကျယ်လောင်သော ပို၍ ထိတ်လန့်စရာကောင်းသော အသံကြီးတစ်ခုကို ကြားလိုက်ကြရသည်။ ငါတို့မိသားစုသည် ထိုအသံနက်ကြီး ကြားရာဘက်သို့ အထိတ်တလန့် လှမ်းကြည့်လိုက်မိကြသည်။ ထိုအခါမှ ပို၍ တုန်လှုပ်ချောက်ချားစရာကောင်းသောအဖြစ်ကို လှမ်းမြင်ကြရသည်။

ကပ်ဦးကပ်စက ကြွင်းကျန်ခဲ့လေသလားထင်ရသော ရောမသတ္တဝါကြီးတစ်ကောင်သည် ရေခဲပြင်ထဲက ထိုးထွက်ပေါ်လာသည်။ နှင်းဆောင်းထားသော ကျောက်တောင် ကျောက်ဆောင်များမှာ ထိုသတ္တဝါကြီး ထိုးထွက်လာသဖြင့် လဲကျကုန်ကြသည်။ သတ္တဝါကြီးသည် ကျောက်တောင်ကျောက်ဆောင်များထက်ပင် ကြီးမားသည်။ တရှူးရှူး တရှဲရှဲနှင့် ဒေါသကြီးစွာအော်မြည်နေသော အသံကြီးနှင့်အတူ သူ၏ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်တို့မှ အခိုးအငွေ့များကို မှုတ်ထုတ်နေသည်။

အေးခဲနေသော ကန္တာရကြီးထဲတွင် ငါတို့ပါးစပ်မှ ထွက်တတ်သော အခိုးအငွေ့နှင့်မတူသော အခိုးအငွေ့လုံးများကို ထိုသတ္တဝါကြီးက အဆက်မပြတ် မှုတ်ထုတ်နေသည်။ ထိုအခိုးအငွေ့များသည် ကန္တာရရေခဲပြင်ကြီးတစ်ခုလုံးကို ဖုံးလွှမ်းလာသည်။ ကျောက်တောင်ကျောက်တန်းများအားလုံးကို ဖိအုပ်နေသည်။ ထိုအခါ စောစောကလင်းနေသော အလင်းများသည် ရုတ်တရက် အမှောင်ကျသွားပြန်သည်။

ဆူညံအော်ဟစ်နေသော အသံကြီးနှင့်အတူ လင်းလာလိုက် မှောင်သွားလိုက် ဖြစ်နေသော ကန္တာရလွင်ပြင်ကြီးရှိ နှင်းခဲနှင်းထုတို့ အကုန်အရည်ပျော်ကုန်ကြသည်။ သတ္တဝါကြီး၏ ပတ်ဝန်းကျင်တွင် ရေခဲတောင်များ ချက်ချင်းပျောက်သွားပြီး ကျောက်ဆောင် ကျောက်တန်းများသာ အသက်ရှင် ကျန်နေကြတော့သည်။ ထိုကျောက်ဆောင် ကျောက်တောင်ကြီးများအလယ်တွင် စောစောကမှ ရေခဲပြင်ကြီးကို ထိုးဖောက်ထွက်ပေါ်လာသော သတ္တဝါကြီးက ထီးတည်းတည်းနေသည်။ ရေဦးပေါင်းများ ချွတ်ထားကြသော ကျောက်ဆောင်ကျောက်တောင်ကြီးများသည် ထိုသတ္တဝါကြီးကို ဝန်းရံခစား၍ တုန်

mgyoe.com

mgyoe.com


တုန်လှုပ်လှုပ် မော့ကြည့်နေကြ၏။

သို့သော် ထိုကမ္ဘာဦး သတ္တဝါကြီးသည် ဒေါသမပြေသေး။ သူ၏မျက်လုံး၊ နား၊ နှာခေါင်း၊ ပါးစပ်တို့မှ အခိုးအငွေ့များကို မှုတ်ထုတ်နေတုန်း။ သူ့ကို ဝန်းရံခစားနေကြသော ကျောက်တောင်ကျောက်ဆောင်များမှာ ကြောက်ကြောက်နှင့် တဆတ်ဆတ်တုန်လှုပ်နေကြတုန်း။ ထိုစဉ် သတ္တဝါကြီး၏ ထိပ်ပေါ်တွင် နီနီရဲရဲအလုံးကြီးတစ်လုံးကို ရုတ်တရက် ငါတို့မြင်လိုက်ကြရာ ဤတစ်ခါတော့ ငါတို့မိသားစုသည် သတ္တဝါကြီးနှင့်ဝေးရာကို ထွက်ပြေးကြရတော့သည်။

ငါတို့မိသားစုသာမဟုတ်။ သတ္တဝါကြီး၏ ခေါင်းပေါ်က နီနီရဲရဲ အလုံးကြီးကို ကြောက်ကာ ကန္တာရ ရေခဲပြင်ထဲရှိ ဝံပုလွေကြီးများ၊ ဝက်ဝံကြီးများ၊ တွားသွားသတ္တဝါကြီးများလည်း ဆောက်တည်ရာမရ ခြေဦးတည့်ရာ ပြေးကြတော့သည်။ အာကာသကို စိုးမိုးရန် ကြိုးစားခဲ့ကြသော ငါတို့ရန်ဘက် လည်ရှည်လင်းဆွဲကြီးများကမူ သတ္တဝါကြီးက အခိုးအငွေ့တွေနှင့် မှုတ်လွှတ်လိုက်သဖြင့် ဘယ်အချိန်ကပင် လွင့်စဉ်ထွက်ပြေးသွားကြပြီ မသိ။ အာကာသထဲတွင် တစ်ကောင်တစ်မြီးကိုမှ မမြင်ရတော့။

သတ္တဝါကြီး မှုတ်ထုတ်လိုက်သော အခိုးအငွေ့လွှမ်းရေခဲပြင်ထဲ၌ ငါတို့မိသားစု ပြေးလျှောက်နေကြစဉ် အကြောက်လွန်ကာ သွေးရူးသွေးတန်းပြေးလာကြသော ကန္တာရ ဝက်ဝံကြီး သုံးလေးကောင်မှာ ငါတို့ကိုပင် ဝင်တိုးသွားကြသည်။ ဤအချိန်၌ ပြိုင်ဘက်ရန်ဘက်တွေပင် ဖြစ်ကြသော်လည်း စောစောကမှ ရေခဲလွင်ပြင်ထုကြီးကို ဖောက်ထွက်လာသော သတ္တဝါကြီးကို ကြောက်သဖြင့် တစ်ကောင်နှင့်တစ်ကောင်၊ တစ်ဦးနှင့်တစ်ဦး ရန်သတ္တရုပြု၍ ကိုက်ခဲသတ်ဖြတ်ကြရန်ကိုပင် သတိမရ ဖြစ်သွားကြသည်။ အစာအာဟာရထက် အကြောက်တရားသည် ငါတို့အားလုံးကို လွှမ်းမိုးထားသည်။ အားလုံး၏ ဦးတည်ရာမှာ သတ္တဝါကြီးနှင့် ဝေးဝေးသို့ အမြန်ရောက်ရန်သာ။

ထို့ကြောင့်လည်း အမိ အဖနှင့် ငါတို့ခြေကို အမီမလိုက်နိုင်သော ညီလေးနှင့် ညီမလေးတို့ အော်ငိုလိုက်ကြသံကြောင့် အမိ အဖတို့သည် နောက်ကို ပြန်လှည့်ကာ ညီလေးနှင့် ညီမလေးတို့ကို ကောက်ချီထမ်းပိုး၍ ပြေးလာနေကြရသည်။ ကန္တာရကပ်ဦးသတ္တဝါကြီး မှုတ်ထုတ်ထားသော အခိုးအငွေ့ထဲမှ

mgyoe.com

mgyoe.com


အနံ့တစ်မျိုးကို ငါတို့ ရှူရှိုက်မိကြသည်။ ထိုအနံ့မျိုးကို ငါတို့ ယခင်က တစ်ကြိမ်တစ်ခါမှ မရှူရှိုက်ဖူးကြ။ ငါတို့ အမြဲရှူရှိုက်နေကြရသော အနံ့ အသက်မှာ သားစိမ်းသားပုပ်နံ့နှင့် သွေးစိမ်းရှင်ရှင်အနံ့များသာ။

ငါတို့သည် တစ်ပြေးတည်း ပြေးလာနေကြရာ သတ္တဝါကြီးသည် ငါတို့အား ရှေ့ဆက်မပြေးနိုင်အောင် ကျောက်တောင်ကျောက်ဆောင်ကြားထဲ ရေလုံး ရေလှိုင်းတွေကို မှုတ်လွှတ်၍ ဆီးတားထားပြန်၏။ ထိုအခါ ငါတို့မှာ ရေလုံးရေလှိုင်းတွေ လွှတ်ရာသို့ ပြေးကြရပြန်သည်။ ရေလုံးရေလှိုင်းများ၏ အော်မြည်နေကြသံမှာလည်း သတ္တဝါကြီးအော်မြည်ခြိမ်းခြောက်နေသံလိုပင် ကြောက်စရာကောင်းလှသည်။ ကျောက်ဆောင် ကျောက်တောင်များကိုပင် ကိုက်ဖဲ့စားနေကြသလား ထင်မိကြသည်။

ရေခဲပြင်ကြီးကို ထိုးဖောက်ပေါ်ထွက်လာသော သတ္တဝါကြီးရှိရာဘက် ကြောက်ကြောက်နှင့် တစ်ချက်ကြည့်မိလိုက်ရာ ရုတ်တရက် မျက်စိမှိတ်သွားသည်။ စူးရှသော အလင်းရောင်သည် မျက်စိကို ကျိန်းစပ်သွားသည်။ ထို့ကြောင့် ငါလဲကျသည်။ မျက်လုံးဖွင့်ကြည့်၍ ကုန်းထလိုက်သောအခါ အမိအဖတို့သည် ငါ့ရှေ့က ဆက်ပြေးနေကြသည်ကို မြင်ရ၏။ အမိအဖတို့ကို ငါ အမီပြေးလိုက်ရသည်။

ငါတို့ မပြေးနိုင်ကြတော့။ မောပန်းလွန်း၍ ဟောဟဲဆိုက်နေကြပြီ။ ခြေဖဝါးအစုံလည်း နာကျင်နေ၏။ ယခင်က ရေခဲပြင်ပေါ်တွင် သားကောင်လိုက်ရသော ငါတို့၏ ခြေဖဝါးအစုံသည် ဘယ်လောက်ခရီးဝေးကို ပြေးလိုက်ရ ပြေးလိုက်ရ နာကျင်သည်ဟု မရှိခဲ့။ ယခုနာကျင်လာသော ခြေဖဝါးကို ကြည့်မိကြမှ ငါတို့၏ ခြေဖဝါးအောက်တွင် ရေခဲပြင်မရှိတော့။ အဖုအချိုင့် အနိမ့် အမြင့်တွေနှင့် ပထဝီမြေသားကို စတင်မြင်ဖူးလိုက်ကြသည်သာ။ ဤ အဖုအထစ် မညီညာသော မြေသားများကြောင့် ငါတို့သည် အချိန်ကြာကြာ မပြေးနိုင်ကြဘဲ ခြေဖဝါးနာကျင်လာကြခြင်း ဖြစ်သည်။ ခြေကုန်လက်ပန်းကျသွားကြသည်။ ဤကမ္ဘာမြေသားများ ပေါ်ထွက်လာခြင်းမှာလည်း ရေခဲပြင်ကို ဖောက်ထွက်လာသော ကပ်ဦးသတ္တဝါကြီး၏ လက်ချက်ပင်ဖြစ်သည်ကိုမူ အလိုလို သိသွားကြသည်။

မောပန်းနွမ်းဟိုက်လာကြသည့်အပြင် ခြေဖဝါးအစုံတွေကလည်း နာ

mgyoe.com

mgyoe.com


ကျင်၍ ဆက်မပြေးနိုင်ကြရာ ငါတို့မှာ သတ္တဝါကြီး မှုတ်ထုတ်ထားသော အခိုးအငွေ့ကြားထဲ တစ်ယောက်ကို တစ်ယောက် ကပ်မှီ၍ ထိုင်လိုက်ကြသည်။ သတ္တဝါကြီးသည် အငြိုးနှင့် ပြေးလိုက်လာပြီး ငါတို့ကို ဖိသတ်လျှင်လည်း ငါတို့မှာ သေကြရတော့မည်။ သို့သော် သတ္တဝါကြီးသည် ငါတို့ဆီသို့ လိုက်မလာ။ ငါတို့ကို ဤပတ်ဝန်းကျင်မှ ခြိမ်းခြောက်မောင်းထုတ်လွှန်းရသဖြင့် သူလည်း မောပန်းနေပြီနှင့်တူသည်။ သူ့ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့မှ အခိုးအငွေ့တွေကိုလည်း ပြင်းပြင်းထန်ထန် မှုတ်မထုတ်နိုင်တော့။ အငွေ့ဆိုရုံမျှ မှျင်မျှင်လေးတွေကိုသာ ချည့်ချည့်နဲ့နဲ့မှုတ်ထုတ်နိုင်တော့သည်။ စောစောကလို အသံကြီးသည် မကျယ်နိုင်တော့။ သူ့ခေါင်းပေါ်က နီနီရဲရဲအလုံးကြီးလည်း မရှိတော့။

တစ်ယောက်ကိုတစ်ယောက်မှီပြီး အမောဖြေနေကြစဉ် ညီလေးသည် မောပန်းငိုက်မျဉ်းကာ အဖကိုယ်ပေါ်က လိမ့်ကျသည်။ ထိုစဉ် ညီလေးက ထိတ်လန့်တကြီး အော်လိုက်ပြီး ကောင်းကင်ကို လက်ညှိုးထိုးပြသည်။ အားလုံး တို့ဆီမှ ထိတ်လန့်သံနှင့်အတူ ကောင်းကင်ကို မော့ကြည့်လိုက်ကြသည်။ စောစောက သတ္တဝါကြီးခေါင်းပေါ် မြင်ခဲ့ကြရသော နီနီရဲရဲအလုံးကြီးသည် ယခု ငါတို့ခေါင်းပေါ် ရောက်နေသည်။

သတ္တဝါကြီးသည် ဤနီနီရဲရဲအကောင်လုံးကို ငါတို့မိသားစုအား စောင့်ကြည့်ရန် ခိုင်းထားသလား ထင်ပြီး ထိတ်လန့်ကာ ပြိုင်တူခုန်ထလိုက်ကြသည်။ နီနီရဲရဲအကောင်လုံးကိုလည်း မော့ကြည့်ကြသည်။ သို့သော် သတ္တဝါကြီးမှုတ်လွှတ်ထားသော အခိုးအငွေ့တွေကြားထဲ၌ နီနီရဲရဲအကောင်လုံးကမူ မလှုပ်မယှက် ဣန္ဒြေကြီးနှင့်သာ ငါတို့ကို ငုံ့ကြည့်နေသည်။ ငါတို့ကမူ ယခင်က တစ်ခါဖူးမျှ မမြင်ဖူးကြသော ဤအနီရဲရဲအလုံးသည် ငါတို့ကိုယ်ပေါ်များ ခုန်ချကိုက်သတ်လာလေမလားဟူသော ကြောက်ရွံ့စိတ်နှင့် အတန်ကြာကြာ မော့ကြည့်နေမိသည်။

ထိုနီရဲရဲအလုံးသည် ငါတို့ဆီ ပြေးဆင်းမလာဘဲ ဣန္ဒြေရရအပေါ်၌သာ တည်နေသည်ကို မြင်ရသောအခါ အကြောက်နည်းနည်းပြေသွားကြသည်။ ထိုအခါ ငါတို့၏ ဝမ်းဗိုက်ထဲမှ အစာတောင်းအော်မြည်လာသံကို ကြားလာကြရသည်။ ယခုအခါ ငါတို့ဝမ်းဗိုက်မှ အစာတောင်းမြည်သံကလွဲလျှင်

mgyoe.com

mgyoe.com


တခြား မည်သည့်အသံကိုမှ ကန္တာရကမ္ဘာထဲ၌ မကြားရတော့။ မောပန်းနွမ်းဟိုက်သွား၍ တိတ်ဆိတ်သွားသော ကပ်ဦးသတ္တဝါကြီး၏ အသံကိုပင် လုံးလုံးမကြားရတော့။ ကန္တာရကြီးသည် ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်သွားသည်။

ထိုအခါ ငါတို့မှာ အစာရှာရန် တာဝန်ရှိလာပြီဆိုသည်ကို အားလုံးသိလိုက်ကြသည်။ အစာရှာထွက်ကြရန် ခြေလှမ်းစရွေ့သော အဖသည် ချက်ချင်း ခြေလှမ်းတုံ့သွားပြီး ငါတို့တစ်ယောက်စီကို စူးစူးရှရှ စိုက်ကြည့်သည်။ အမိကောဟု ကျယ်လောင်စွာ အော်လိုက်သည်။ အဖအော်လိုက်မှ ငါတို့လည်း အဘွားကို သတိရကြသည်။ ငါတို့အုပ်တွင် အဘွားပါမလာတော့။ ဘယ်အချိန်ကပင် ဝေးကျန်ခဲ့သည်ကိုလည်း ငါတို့မသိကြတော့။

ရေခဲပြင်ကြီးကို ထိုးဖောက်အော်ဟစ်ထွက်လာသော ကပ်ဦးသတ္တဝါကြီးကပဲ အဘွားကို သတ်စားပစ်လေသလား။ ပြေးရင်းလွှားရင်းက ဝံပုလွေများပဲ ကိုက်ချီသွားကြလေသလား။ ဝက်ဝံကြီးများကပဲ သတ်စားသွားကြလေသလား။ ငါတို့မှာ တွေးမရ ရှိကြသည်။ ကပ်ဦးသတ္တဝါကြီး ပေါ်ထွက်လာ၍ ငါတို့ပြေးလာကြစဉ် ဝက်ဝံကြီးသုံးလေးကောင်သည် ငါတို့ကို တိုးတိုက်သွားကြသည်။ ထိုဝက်ဝံကြီးများ အဘွားကို ပြေးရင်းလွှားရင်း ကိုက်ချီသွားကြသလားဟု အဖကမေးသည်။ ကမ္ဘာကြီးပျက်သလို ပြေးလာကြသော ငါတို့မှာ မည်သူမျှ အဘွားကို သတိမရနိုင်ခဲ့။ ကိုယ့်အသက် ကိုယ်လု၍ ပြေးခဲ့ကြရာ အကယ်၍ အဘွားအား ထိုဝက်ဝံကြီးသုံးကောင်က ကိုက်ချီသွားလျှင်လည်း ငါတို့သိလိုက်ကြမည်မဟုတ်။

ထိုအချိန်က ကပ်ဦးသတ္တဝါကြီးသည်လည်း ဒေါသတကြီး အော်ဟစ်ပြီး ကျောက်တောင် ကျောက်ဆောင်တွေကိုပင် တဝုန်းဝုန်း ဖြိုချတိုက်ချနေရာ ဝက်ဝံကိုက်၍ အဘွားအော်လျှင်လည်း အဘွား၏အော်သံကို ငါတို့ကြားမိကြမည်မဟုတ်။ ဝက်ဝံကြီးများ အဘွားကို ကိုက်ချီပြေးသွားကြသည်ကိုဆိုလျှင်လည်း ရေခဲပြင်တစ်ခုလုံးတွင် ကပ်ဦးသတ္တဝါကြီးက အခိုးအငွေ့ကို မှုတ်လွှတ်ထားသဖြင့် မှုန်ဝါးဝေသီနေရာ ငါတို့မြင်နိုင်ခဲ့ကြမည်မဟုတ်။ ထိုအချိန်က ငါတို့သည် အသက်လုပြေးနေခဲ့ကြရာ အဘွားကို အဖပင် သတိမထားနိုင်ခဲ့။

mgyoe.com

mgyoe.com


ယခုငါတို့ကိုကြည့်နေသော အဖ၏အကြည့်သည် အမိနှင့် ငါတို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ရှိကြပြီး အဘွားကို လမ်း၌ပင် ကိုက်ဖဲ့စား ပစ်ခဲ့ကြလေသလားဟူသော သံသယအကြည့်နှင့် ကြည့်နေသည်။ ငါတို့ဆီက အဖြေမရသောအခါ အဘွားနှင့် အနီးဆုံးပြေးလာခဲ့ကြသော ညီလေးနှင့် ညီမလေးတို့ကို အဖ မေးပြန်သည်။ ညီလေးနှင့် ညီမလေးတို့က အတူပြေးလာရင်း အဘွားချော်လဲကျန်ခဲ့သည်။ ငါတို့လန့်အော်သဖြင့် အဖနှင့် အမိသည် ငါတို့ကို ဆွဲချီခေါ်လာခဲ့သည် မဟုတ်ပါလောဟု ပြောလိုက်မှ အဖက သံသယရှင်းသွားပုံရသည်။

တိတ်ဆိတ်နေသော ကန္တာရထဲ၌ အဖ၏ သက်ပြင်းချလိုက်သံကို ငါတို့အားလုံး ကြားမိလိုက်ကြသည်။ အဖသည် အတော်ကြာ မတ်တတ်ရပ် ငိုင်တွေနေသေးသည်။ ပြီးမှ အမိကို တစ်ချက်ကြည့်လိုက်ကာ ခြေလှမ်းရွှေ့သည်။ အဖခြေလှမ်းအတိုင်း ငါတို့အားလုံး အဖနောက်သို့ လိုက်လာကြသည်။

တစ်သက်လုံး ချောမွတ်သော ရေခဲပြင်ကိုသာ နင်းသွားနေခဲ့ကြသော ငါတို့၏ ခြေဖဝါးများသည် ယခု မြေကြမ်းဖုထစ်များကို နင်းသွားနေရသော အခါ နာကျင်လာကြသည်။ ရေခဲပြင်မှာလို မြန်မြန်မလျှောက်နိုင်ကြ။ ညီလေးနှင့် ညီမလေးတို့ကိုမူ အမိအဖတို့က တွဲမြှောင်ခေါ်လာကြသည်။

အသံဗလံများ တိတ်ဆိတ်၍ ငြိမ်သက်နေသော ကန္တာရထဲတွင် ရုတ်တရက် ထအူလိုက်ကြသော ဝံပုလွေတို့၏အူသံကြောင့် ငါတို့လန့်သွားကြပြန်သည်။ ဝံပုလွေများသည် ငါတို့ကိုလှမ်းမြင်၍ တိုက်ခိုက်သတ်ဖြတ်စားရန် အချင်းချင်းအချက်ပေးသံ။ သူတို့ စုစည်း၍ သားကောင်လိုက်ကြရန် အူလိုက်ကြခြင်းလားဟု ထင်၍ ဝံပုလွေများ အူသံကြားရာသို့ လှမ်းကြည့်လိုက်ကြရာ ဝံပုလွေကြီးသုံးကောင်ကို လှမ်းမြင်ရသည်။ ထိုအခါ ငါတို့ဝမ်းဗိုက်သည် ပို၍ ဆာလောင်မွတ်သိပ်သွားသလိုပင်။

ဝံပုလွေကြီးသုံးကောင်သည် ငါတို့အောက်ချိုင့်ဝှမ်းထဲက အူလိုက်ကြခြင်း ဖြစ်သည်။ သူတို့ကို ကြည့်ရသည်မှာ တစ်စုံတစ်ခုတော့ ထူးခြားနေသလိုပင်။ ဝံပုလွေများသည် သားကောင်လိုက် စုစည်းသွားကြရန် အချက်ပေးအူတတ်သလို ရာသီဥတု အပြောင်းအလဲ နိယာမ တစ်ခုခုဖြစ်တော့မည်

mgyoe.com

mgyoe.com


ဆိုလျှင်လည်း ဤသို့ပင် ခေါင်းမော့၍ အူတတ်ကြသည်ဟု အဘွားက ပြောပြခဲ့ဖူးသည်ကို ငါသတိရသည်။ နှင်းမုန်တိုင်းကြီး စဲတော့မည်ဆိုလျှင် အူ၍ အချက်ပေးတတ်ကြသည်ကို ငါတို့ ကိုယ်တွေ့ကြုံဖူးခဲ့ကြသည်။ ယခု ရာသီဥတု အပြောင်းအလဲဖြစ်သွားသဖြင့် အူကြခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် နောက်ထပ် ရာသီဥတုတစ်ခုခု ဖောက်ပြန်လာဦးမည်ကို သိကြ၍ ဘေးအန္တရာယ် လွတ်ရာကျွတ်ရာကို ပြေးကြရန် အချက်ပေးအူလိုက်ခြင်းလား ဟူသော အတွေးကြောင့် ငါလန့်သွားပြန်သည်။

ထို့ကြောင့် ကပ်ဦးသတ္တဝါကြီးဆီ အတွေးက သွားနေရင်း၊ လာနေကြရင်း ရောက်သွားပြန်သည်။ ထိုအခါ ငါတို့ကိုစောင့်ကြည့်ရန် သတ္တဝါကြီး လွှတ်ထားသော မိုးပေါ်က နီနီရဲရဲအကောင်ကြီးကို သတိရ၍ အထိတ်တလန့် ခေါင်းပေါ် မော့ကြည့်မိသည်။ ငါတို့ခေါင်းပေါ်မှာ ထိုအကောင်လုံး မရှိတော့။ ကပ်ဦးသတ္တဝါကြီး မှုတ်ထုတ်လိုက်သော အခိုးအငွေ့တွေ ဝေနေသေးသည့် မိုးပေါ်၌ ထိုနီနီရဲရဲ အကောင်လုံးကို ရှာကြည့်ကြရာ ငါတို့နောက်ဘက်ရှိ ကျောက်တောင်ကြီးထိပ်မှာ လှမ်းမြင်လိုက်ကြရသည်။ ထိုအကောင်လုံးသည် ကပ်ဦးသတ္တဝါကြီးနှင့် ဆန့်ကျင်ဘက် ကျောက်တောင်ထိပ်ကို ရောက်နေပြန်သည်။

ငါက လှမ်းကြည့်၍ လက်ညှိုးထိုးပြလိုက်သောအခါ အားလုံး အံ့သြသွားကြသည်။ ယခင်စောစောက ကပ်ဦးသတ္တဝါကြီးထိပ်၌နေခဲ့သော အကောင်သည် ယခု ငါတို့နောက် ကျောက်တောင်ထိပ်ကို ရောက်နေပြန်ပြီ။ ဤအကောင်သည် ကျောက်တောင်ထိပ်က ငါတို့ကို ဆီးစောင့်ကြည့်နေပြန်ပလား။ ဤအတွေးကို အားလုံး တွေးမိလိုက်ကြသဖြင့် ဝံပုလွေများရှိရာ ချိုင့်ဝှမ်းထဲ ဝံပုလွေဖမ်းရန် ဆင်းမည့်ခြေလှမ်းများပင် တုံ့သွားကြပြန်သည်။

ကျောက်တောင်ထိပ်ပေါ်တွင် ထိုနီနီရဲရဲအကောင်ကို ရပ်ကြည့်နေစဉ် အဖသည် ဆာလောင်မွတ်သိပ်မှုကို သတိရသွားသည်ထင်။ ချက်ချင်း ဝံပုလွေများ ရှိရာကို ချောင်းမြောင်းသွားကြပြီး ဝံပုလွေဖမ်းကြရန် အချက်ပြသည်။ သို့သော် ငါတို့မှာ ယခုအခါ ကျောက်လက်နက်လည်း မပါလာကြတော့။ ယခင် ကျောက်လက်နက်ကို မရမီကကဲ့သို့ ဝံပုလွေများကို ခုန်အုပ်လုံးထွေး၍ တိုက်ခိုက်သတ်ဖြတ်ကြရမည်။ ဝံပုလွေကသုံးကောင်တည်း။

mgyoe.com

mgyoe.com


ငါတို့က အများကြီး။ ကြောက်စရာမရှိ။ တိုက်ပွဲကို အမိအဖတို့ ဦးဆောင်၍ ငါတို့က ကူညီကြရမည်။

ထို့ကြောင့် ဝံပုလွေသုံးကောင်ရှိနေရာကိုသာ တစိုက်မတ်မတ် ကြည့်၍ ဝံပုလွေများရှိရာ ချိုင့်ဝှမ်းသို့ ပုန်းဆင်းလာကြသည်။ အားလုံးက ဆာလောင်မွှတ်သိပ်မှုကြောင့် ဝံပုလွေသုံးကောင်ဆီသာ အကြည့်ရောက်နေကြရာ ရှေ့က သွားနေသော အဖသည် ခလုတ်တိုက်လဲကျသွားသည် ဝံပုလွေသုံးကောင်ကို ချောင်းမြောင်းတိုက်ခိုက်ရန် လာနေကြသော်လည်း ခလုတ်တိုက်၍ လဲကျသောအခါ အဖသည် သတိလစ်ပြီး အော်လိုက်မိသည်။ အဖအသံကြောင့် ဝံပုလွေသုံးကောင်ပင် လန့်ဖျပ်သွားပြီး ငါတို့ဘက်ကို ချက်ချင်းလှမ်းကြည့်လိုက်ကြသည်။

ဆာလောင်မွတ်သိပ်မှုနှင့် ဝံပုလွေများဆီသာ အကြည့်ရောက်၍ ကုပ်ချောင်း ကုပ်ချောင်း ရှေ့ကသွားနေသော အဖသည် ယခု ခလုတ်တိုက်လဲတော့မှ သူခလုတ်တိုက်မိသော အောက်ကို ငုံ့ကြည့်မိသည်။ အဖနည်းတူ ငုံ့ကြည့်၍ အားလုံး အံ့သြသွားကြသည်။ အဖ ခလုတ်တိုက်မိသောအရာမှာ ဘယ်ကပ်ကမ္ဘာကပင် သေပြီး ရေခဲထဲမြုပ်နေခဲ့သော ဧရာမ သားကောင်တစ်ကောင်၏ ဦးခေါင်းလုံးဖြစ်သည်။ ကိုယ်လုံးကြီးကမူ ယခုထိ ချိုင့်ဝှမ်းရေခဲအိုင်ထဲ မြုပ်နေတုန်း။

သေနေသော သားကောင်ကို ဝံပုလွေချောင်းရင်း တွေ့လိုက်ကြသဖြင့် ငါတို့အားလုံး အတိုင်းမသိ ဝမ်းသာသွားကြသည်။ ထို့ကြောင့်လည်း အားရဝမ်းသာနှင့် ရေခဲအိုင်ထဲက သားကောင်အသေကို ဝိုင်းကြည့်ကြ၊ ဝိုင်းထားကြသည်။ သားကောင်ကြီး၏ ပေါ်နေသော ခေါင်းမှ အစွယ်ရှည်နှစ်ချောင်းကမူ ငါတို့တစ်ရက်ထက်ပင်ကျော်မည်။ သားကောင်ကြီးသည် ထိုင်လျက်သေနေသဖြင့် ကိုယ်လုံးကြီးကမူ ရေနှင့် မပျော်သေးသော ရေခဲတုံးကြီးတွေကြား ညပ်နေသည်။

ငါတို့သည် ဘာမှ ရှည်ရှည်ဝေးဝေး မစဉ်းစားနိုင်ကြ။ တစ်ချိန်လုံး ပြေးလွှား လာခဲ့ကြရ၍ ဆာလောင်မွတ်သိပ်မှုနှင့် သွေးရူးသွေးတန်းဖြစ်နေကြရာ ချက်ချင်းပင် သားကောင်ကို ဝိုင်းယက်တူးဖော်ကြသည်။ ဝမ်းဗိုက်ကို စမ်းမိကြသည်နှင့် ကိုက်ဖောက်ဖက်ကိုက်ကြသည်။ သွေးစိမ်းသွေးရှင် အနံ့

mgyoe.com

mgyoe.com


ကို မရသော်လည်း ဝမ်းဗိုက်ထဲက အူအသည်း အဆုတ်တို့မှာ လတ်လတ်ဆတ်ဆတ်ပင် ရှိသဖြင့် ဆွဲထုတ်ကိုက်ဖြတ်စားကြသည်။ အငမ်းမရ စားနေကြချိန်တွင် ရန်သူတော် ဝံပုလွေကြီးများကိုပင် သတိမရကြ။

ဗိုက်ပြည့်သွားမှ ငါတို့ကိုက်ဖဲ့စားနေကြချိန်တွင် ဝံပုလွေကြီးများ ငါတို့ကို လာတိုက်ခိုက်နိုင်သည်ကို သတိရကြသည်။ ထိုအခါမှ စားဝါးရင်း ဝံပုလွေကြီးသုံးကောင်ရှိရာကို လှမ်းကြည့်မိကြသည်။ ထိုအခါမှ ဝံပုလွေကြီးသုံးကောင်သည်လည်း သားကောင်တစ်ကောင်ကောင်ကို ရမိထားကြမှန်း သိလိုက်ကြသည်။ ဝံပုလွေကြီးသုံးကောင်သည်လည်း သူတို့ရထားသော သားကောင်ကို ငါတို့လာလုမည် စိုး၍လားမသိ။ ဤအချိန်ကျမှ သားကောင်ကို ခေါင်းငုံ့ကိုက်ဖဲ့၍ အငမ်းမရ စားနေကြသည်။

ရေခဲပြင်ထဲ၌ ငါတို့ကို ရင်မဆိုင်ဝံ့ဘဲ ကြောက်နေခဲ့ကြသော ဝံပုလွေများ သဘောမှာ ငါတို့ သားကောင်လုရန် ပြေးလိုက်လာကြလျှင် သူတို့သည် အဝစားသောက်ပြီး ထွက်ပြေးကြမည့် သဘောပင်။ သို့သော် ဝံပုလွေကြီးသုံးကောင်ကို ငါတို့ တိုက်ခိုက်လိုစိတ် မရှိကြတော့။ ဗိုက်ပြည့်နေကြပြီဖြစ်သည့်အပြင် တစ်ချိန်လုံး ပြေးနေခဲ့ကြရသဖြင့် အလွန်မောပန်းနေကြပြီ။ ဤလိုအချိန်၌ ဝံပုလွေများကို သွားတိုက်လျှင် အရှုံးနှင့်သာ ရင်ဆိုင်ကြရမည်။

ဝံပုလွေများကလည်း ယခုအချိန်တွင် ငါတို့ကို ရန်သူလို သဘောထားပုံမရ။ သူတို့အမူအရာသည် ငါတို့အား မိတ်ဖွဲ့လိုခြင်း၊ ရင်းနှီးလိုခြင်းအသွင်ကို ဆောင်၍ နှုတ်ဆက်ကြသည့်သဘောနှင့်သာ ငါတို့ဘက်ကြည့်၍ ညင်ညင်သာသာ အူပြနေကြသည်။ ငါတို့အနေမှာလည်း ကြီးမားသော တိရစ္ဆာန်အသေကောင်ကြီးကို ရထား၊ စားထားကြပြီဖြစ်ရာ ဝံပုလွေများကို တိုက်ခိုက်သတ်ဖြတ်စားသောက်ရန် ဆန္ဒမရှိကြတော့။

အလင်းကွယ်၍ အမှောင်သမ်းစပြုလာချိန်မှာ ဝံပုလွေများသည် ငါတို့ကို တစ်စုံတစ်ခု သတိပေးသလို အူနေကြပြန်သည်။ ရာသီဥတုနှင့် ကန္တာရ၏ နိယာမ အပြောင်းအလဲကို ငါတို့ထက် သိတတ်ကြသော ဝံပုလွေကြီးများ၏ အူနေကြသံကြောင့် ရုတ်တရက် ငါတို့ လန့်သွားကြပြန်သည်။ ဝံပုလွေကြီးများသည် အန္တရာယ်တစ်ခုခုကို မြင်၍များ အူနေကြလေသလား

mgyoe.com